# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 11 November 2025 ၁၁၉၉၈


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက် ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



## ပွင့်ဖြူမြို့နယ်၌ ချည်မျှင်ရှည်ဝါ ဧက ၄၈၀၀ ကျော် စိုက်ပျိုးထားရှိ

ပွင့်ဖြူ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် ဝါစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ လက်ရှိတွင် ဒေသခံတောင်သူများက ဝါစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရန် မြေဩဇာကျွေးခြင်း၊ ပိုးမွှားရောဂါ ကင်းရှင်းရေး ကာကွယ်ဆေးများ ပက်ဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ကျောက်ဆည်မြို့နယ် ဒါန်းတိုင်ကျေးရွာ၌ ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် နိုဝင်ဘာ ၁၀

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် ဒါန်းတိုင်ကျေးရွာ၌ စိုက်ပျိုးထားသော ငရုတ်စိုက်ခင်းများ အောင်မြင်လျက်ရှိသည်။

ဒါန်းတိုင်ကျေးရွာသည် စမာတိုက်နယ်တွင် ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်ပြီး ငရုတ်သီးနှံ ဧက ၁၅၀ စိုက်ပျိုးထားပြီး အခြားကျေးရွာအုပ်စုများ ဖြစ်သည့် ရန်ဘက်လိုကျေးရွာ အုပ်စုတွင် ၂၂ ဧက၊ ပေတောကြီးကျေးရွာ အုပ်စုတွင် ၆၂ ဧက၊ ဘုံကွင်းကျေးရွာအုပ်စုတွင် ဧက ၅၀၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒


**ယနေ့ ဖတ်စရာ**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကျင်းပ စာမျက်နှာ » ၄

လုပ်ငန်းခွင် စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့ ဆောင်းပါး စာမျက်နှာ » ၆

ကျွန်တော်တို့ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ ချိတ်ဆက်ပြီး အများကြီးကူညီဆောင်ရွက်ပေးပါတယ်။ စာမျက်နှာ » ၈





# နိုင်ငံတော်တည်ငြိမ်အေးချမ်းဝပြောရေး၊ တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏အကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင် နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက်ရှိရာတွင် အကြမ်းဖက်သောင်းကျန်းမှုမှန်သမျှကို တပ်မတော်က ရှင်းလင်းဖယ်ရှားလျက်ရှိသလို တရားဥပဒေစိုးမိုးရေးအတွက် ဒုစရိုက်မှုမှန်သမျှ ဖယ်ရှားရှင်းလင်း နှိမ်နင်းလျက်ရှိသည်။

ဒုစရိုက်မှုလုပ်ငန်းများကို တိုက်ဖျက်နှိမ်နင်းရာတွင် ပြည်တွင်း၌သာမက နိုင်ငံတကာကပါ အလေးထား အာရုံစိုက်ဆောင်ရွက်လျက်ရှိသော အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများကို နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အစဉ်တစိုက်တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ ယခုအခါ မြဝတီနယ်မြေဒေသများအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများမှာ ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်ပါဝင်ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ရောက်ရှိလာကြသော ဖြစ်စဉ်များမှာ အများစုဖြစ်သည်။

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီဒေသများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းဒုစရိုက်အစုအဖွဲ့များ စုဖွဲ့နေထိုင်ခဲ့ကြသည့် အဆောက်အအုံများအား ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများကို အမြစ်ပါမကျန်အောင် တိုက်ဖျက်ရှင်းလင်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

တစ်ဆက်တည်းတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်၌ တရားမဝင်ဂိတ်များဖွင့်လှစ်ပြီး အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက ငွေကြေးများကောက်ခံ၍ ပြည်ပမှ တရားမဝင်ပစ္စည်းများ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ခဲ့ကြရာ ယခုအခါ အဆိုပါဒေသများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီးဖြစ်၍ ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးဂိတ်များနှင့် ကုန်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးသည့် အဆောက်အအုံများကို အပြီးတိုင်ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အဆိုပါဒေသတွင် တရားမဝင်ဖွင့်လှစ်ပြီး ကုန်သွယ်နေသည့် နယ်စပ်ဂိတ်များကို အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ စတင်စစ်ဆေးဖျက်ဆီးရှင်းလင်းလျက်ရှိရာ ဂိတ်များနှင့် ကင်းစခန်းအများစုကို ဖျက်ဆီးရှင်းလင်းပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က သတ်မှတ်ထားသည့် တရားဝင်ကုန်သွယ်ရေးဇုန်များမှတစ်ဆင့် ကုန်ပစ္စည်းများမတင်သွင်းဘဲ လက်နက်ကိုင်သောင်းကျန်းသူများ၏ တရားမဝင်ဂိတ်များမှ ငွေကြေးပေးပြီး မသမာသူများက မြန်မာနိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများ တင်သွင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ များစွာနစ်နာဆုံးရှုံးမှုဖြစ်ခဲ့သည်။ တစ်ဖက်နိုင်ငံက တရားမဝင်တင်သွင်းသည့် လမ်းကြောင်းများအနီးတွင် တရားဝင်ဂိတ်များဖွင့်လှစ်၍ အခွန်ကောက်ခံသည့်အတွက် အခွန်အခများရနေသော်လည်း မြန်မာနိုင်ငံအတွက် အခွန်အခများဆုံးရှုံးလျက်ရှိသဖြင့် ယင်းကိုတိုက်ဖျက်နှိမ်နင်းရမည်သာဖြစ်သည်။ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများအနေဖြင့် တော်လှန်ရေးအမည်ခံအကြောင်းပြ၍ လက်နက်ကိုင်စီးပွားရေး၊ ကိုယ်ကျိုးစီးပွားရှာဖွေရေး ဦးစားပေးလုပ်ဆောင်နေသည်ကို မြင်တွေ့နိုင်သည်။

တိုင်းပြည်မှရရှိသည့် အခွန်ဘဏ္ဍာငွေကြေးများသည်လည်းကောင်း၊ ပြည်သူများမှ လုပ်ကိုင်ရှာဖွေထားသည့် ငွေကြေးများသည်လည်းကောင်း ပြည်သူ့ဘဏ္ဍာငွေကြေးများပင်ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူလူထု နစ်နာဆုံးရှုံးမှုမဖြစ်အောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် ဖြစ်ပေါ်လာသည့် ငွေကြေးဥစ္စာပစ္စည်းများ အလဟဿဆုံးရှုံးနစ်နာခြင်းမဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက်ဖြစ်အောင်၊ နှေးကွေးအောင် လုပ်ဆောင်နေကြသည့် အဖျက်သမားသောင်းကျန်းသူများနှင့် တရားမဝင်ကုန်သွယ်မှု၊ တရားမဝင်လောင်းကစားမှုအပါအဝင် ဒုစရိုက်မှုမျိုးစုံ ပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပဒုစရိုက်သမားများနှင့် ဝိသမလောဘသားများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အမြစ်ပြတ်ချေမှုန်းရှင်းလင်းလျက်ရှိရာ တိုင်းရင်းသားပြည်သူ အပေါင်းတို့ကလည်း မိမိတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေးအတွက် ဝိုင်းဝန်းပါဝင် လက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## “လှပသာယာပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၄၅ ဦးက ဓာတ်ပုံပေါင်း ၄၈၀ ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၈ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးစိုးမိုးအောင်၊ ဒုတိယဆု ကျော်နိုင်လင်း(လရိပ်ပြာ)၊ တတိယဆု မျိုးမင်းထိုက်(The Eagle) တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ထက်သူ(ရွှေကျောင်းကြီး)၊ ဦးမြင့်မော်ထွန်း၊ အောင်ကျော်ထွန်း(ပံသုကူ)၊ ဦးချမ်းသာ(MDY)နှင့် မင်းမင်းထွန်းတို့က ရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရေဝတီတံတား(ရတနာသိခ်)”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် **“တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၃၀၃ | ၂,၆၀၅,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃၇၅ | ၁,၂၉၄,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂၅ | ၁၉၇,၅၀၀ |
| FPB | ၂,၁၅၀ | ၂,၂၀၀ | ၃,၁၀၅ | ၆,၈၃၁,၈၅၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၄၁ | ၁၂၀,၉၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၃၀၉ | ၅၃၁,၅၅၀ |
| AMATA | ၃,၅၀၀ | ၃,၆၅၀ | ၁,၀၀၅ | ၃,၆၆၇,၅၀၀ |
| MAEX | ၃,၂၀၀ | ၃,၁၅၀ | ၁၃၂ | ၄၁၆,၀၅၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၇၅၀ | ၁၂၅ | ၃၅၄,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၁) နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်း အမှတ်စဉ်(၂၁)နှင့် A.G.T.I ဒီပလိုမာ သင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ၊ သင်တန်းဆင်းကျောင်းသားကျောင်းသူများ နှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား ၎င်းတို့၏နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၂၉ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၂၄၈ ဦး စုစုပေါင်း ၃၅၃၆ ဦးကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်းကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရင်း ပိုမိုအဆင့်မြင့်သည့်ပညာရပ်များကို လေ့လာဆည်းပူး ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောအတွေးအခေါ်၊ ခံယူချက်၊ မြဲမြံသောအကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြုပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်မှ အခမဲ့ပညာရပ်များ သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် ကျေးဇူးတရားကို သိရှိနားလည်ပြီး မိမိတို့လေ့လာဆည်းပူးခဲ့သည့် အဆင့်မြင့်ပညာရပ်များဖြင့် ကျရာလုပ်ငန်းနယ်ပယ်အသီးသီး၌ လက်တွေ့အသုံးပြုပြီး နယ်စပ်ဒေသ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန်၊ စစ်မှန်သောမျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်က အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်ဂျင်နီယာထူးချွန်ဆုရရှိသူ တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန် ကျောင်းသား ကျောင်းသူသုံးဦးအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဧည့်သည်တော်များ၊ ဆရာဆရာမ များ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြရာ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဒီဂရီကောလိပ်ရှိ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒီဂရီကောလိပ်အတွင်းရှိ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရေးလုပ်ငန်းနှင့် ကျောင်းသား ကျောင်းသူများ၏ အခြေခံစစ်ပညာ သင်တန်းလေ့ကျင့်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယာဉ်၊ ယန္တရားများ အသုံးပြုနိုင်မှုနှင့် ကြံ့ခိုင်မှု၊ ထောက်ပံ့ပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**❂ ပွင့်ဖြူမြို့နယ်မှ**

“ဝါစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်အောင် ဖြန့်ဖြူးဆောင်ရွက်ပေးတဲ့အပြင် စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုများ အချိုးကျမှန်ကန်စွာ အသုံးပြုတတ်စေရေး နည်းပညာပေးတာတွေ၊ တစ်နှစ်ထက်တစ်နှစ် ဝါများတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်နည်းစနစ်များ သင်ကြားပေးခြင်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် ဒေသခံတောင်သူများက ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) ဝါမျိုးများကို အဓိကစိုက်ပျိုးကြကြောင်း၊ အဆိုပါ ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းတိုးတက်စေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ပြောကြား**

ဦးစွာပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပပို့ကုန်မြင့်တက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေး လိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေး ဆက်လက်ကြိုးစားဆောင်ရွက်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကိုဖတ်ကြားတင်ပြကြကာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များ အသင်း ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အကြိမ် (၂၀)မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Wittawat နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေး အခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးမှုတွင် အရေးပါဆုံး အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ် လက်ခံမှုနှင့် နည်းပညာ အဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များ ဖြစ်လာစေရန်၊ ဘဏ္ဍာရေး ယန္တရားများအား လက်လှမ်းမီ အသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်မှုရှိသော ဈေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအား အစိမ်းရောင်အသွင်ကူးပြောင်းရန် လိုအပ်သော ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တီထွင်ဆန်းသစ်မှု အားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ ဦးဆောင်ဦးရွက်ပြုမှုများကို အမြဲထောက်ခံအားပေးကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်းစည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် စွမ်းအားပြည့်နေသော အင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက် ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေး အတွက် ကော်မတီဝင်အားလုံး MSMEများ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးစွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန် ကတိကဝတ်ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် ဆန်းစစ်မှုအဖြစ် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင် မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ကို ပြန်လည်သုံးသပ်ခြင်း အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့် အာဆီယံဆိုင်ရာ အသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Video Clip ကို ပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် အကြိမ် (၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ အကြိမ်(၂၀) မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❐ ကျောက်ဆည်မြို့နယ်မှ**

စင်းကွန်းကျေးရွာအုပ်စုတွင် ၅၅ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

**အကျိုးအမြတ်ရရှိရေး**

ငရုတ်သီးနှံများစိုက်ပျိုးရာ၌ အကျိုးအမြတ်ရရှိရေး ရာသီဥတုနှင့် နေရာဒေသအလိုက် ငရုတ်သီးအစိမ်း ခူးဆွတ်ရောင်းချနိုင်သည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ ဧကများစွာစီးပွားဖြစ်စိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုး စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံသည် ကာလရှည်သီးနှံဖြစ်သောကြောင့် ရေသွင်း၊ ရေထုတ်လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ပြီး တစ်ပင်တန်းစိုက်ပျိုးခြင်းနှင့် နှစ်ပင်တန်းစိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ ဈေးကွက်အပေါ်မူတည်၍ ငရုတ်သီးနှံကို အသီးအစိမ်းခူးဆွတ်ရောင်းချသကဲ့သို့ အသီးအမှည့်ခူးဆွတ်ကာ အခြောက်လှန်း၍ ရောင်းချခြင်းများပြုလုပ်ကြကြောင်း ငရုတ်စိုက် တောင်သူများထံမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန် ၄၇ ရက် သာ လိုတော့သည်။**

## အင်္ဂလိပ်စာစွမ်းရည်မြင့်မားစေရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၁၀

အင်္ဂလိပ်စာစွမ်းရည်မြင့်မားစေရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အင်္ဂလိပ်စာ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး)များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာကဏ္ဍတွင် သင်ကြားသည့် ဆရာ ဆရာမများ၏ အင်္ဂလိပ်စာစွမ်းရည်များ ပိုမိုမြင့်မားကောင်းမွန်စေရေးအစီအစဉ်များ စဉ်းစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် Native Speaker များနှင့် သင်ကြားနိုင်ရေး ချိတ်ဆက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသင်တန်းသို့ အခြေခံပညာကဏ္ဍမှ ဆရာ ဆရာမများလည်း တက်ရောက်ရမည်ဖြစ်ပြီး TOT သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းပို့ချရာတွင် သင်တန်းတက်ရောက်မည့်သူများအား စိစစ်ရွေးချယ်နိုင်ရေး အင်္ဂလိပ်စာဘာသာရပ်ဦးဆောင်သည့် ဆရာ ဆရာမကြီးများက အဓိကရွေးချယ်ပေးစေလိုကြောင်း၊ အထူးသဖြင့် အခြေခံပညာတွင်ရှိသည့် အင်္ဂလိပ်စာဘာသာရပ်သင် ဆရာ ဆရာမများကို အဓိကသင်တန်းပေးလိုခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့် ဆရာ ဆရာမများက ဦးဆောင်၍ အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပလျက်ရှိသော်လည်း ပိုမိုကောင်းမွန်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ အင်္ဂလိပ်စာ ပိုမိုတတ်မြောက်စေရေးသည် ရေရှည်စီမံကိန်းဖြစ်သည့်အတွက် အင်္ဂလိပ်စာဆရာကြီး ဆရာမကြီးများအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြစေလိုကြောင်း၊ National Level သွားမည့် အင်္ဂလိပ်စာစွမ်းရည်တိုးတက်မြင့်မားစေရေး သင်ကြားရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်းနှင့် အင်္ဂလိပ်စာစွမ်းရည် ပိုမိုတိုးတက်မြင့်မားစေရန် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ Grade-12 မအောင်မြင်သည့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ယူခွင့် အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ဆက်လက်သင်ယူလိုသူများနှင့် သက်မွေးပညာကဏ္ဍသို့ သွားရောက်လိုသူများအတွက် ပညာသင်ယူနိုင်မည့် နည်းလမ်းများကို ဖန်တီးပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများက အင်္ဂလိပ်စာအရည်အသွေးတိုးတက်မြင့်မားစေရေး သင်ကြားနိုင်မည့်နည်းလမ်းများ၊ Grade-12 မအောင်မြင်သည့် ကျောင်းသားကျောင်းသူများအတွက် ဆက်လက်သင်ယူနိုင်မည့် သင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် ချောက်မြို့ စက်မှုလက်မှုသိပ္ပံကျောင်း၌ ကျောင်းသား ကျောင်းသူများ လက်တွေ့ဆောင်ရွက်နေမှုနှင့် တီထွင်ဖန်တီးစမ်းသပ်နေမှုများ ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၁၀

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ချောက်မြို့နယ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ နယ်မြေအေးချမ်းသာယာရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လူငယ်များအား ပညာရည်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ချောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ မြို့ပေါ်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ လူငယ်များ ပညာရည်မြင့်မားရေး၊ အတတ်ပညာရှင်များသာမက အသိပညာ ဗဟုသုတပြည့်ဝပြီး စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည့် အသိပညာ ပြည့်စုံသူများ၊ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်စေရေး၊ စာပေလေ့လာဖတ်ရှုပြီး အနာဂတ်နိုင်ငံတော်ကို အကျိုးပြုမည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် မိဘများ၊ ဆရာ ဆရာမများကလည်း ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အားကစားပစ္စည်းများကို လှူဒါန်းပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ချောက်မြို့ စက်မှုလက်မှုသိပ္ပံကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသားများအား ဘာသာရပ် ကျွမ်းကျင်သူများ ဖြစ်အောင် သင်ကြားပေးရေး မှာကြားသည်။

ယင်းနောက် ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများက လက်တွေ့ဆောင်ရွက်နေမှု၊ တီထွင်ဖန်တီးစမ်းသပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အမှန်တကယ်တတ်မြောက်အောင် သင်ယူကြရန်၊ လေ့လာဆန်းသစ်တီထွင်မှုများဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရန် မှာကြားအားပေးပြီး ကျောင်းစာကြည့်တိုက် အတွက် စာအုပ်စာစောင်များ လှူဒါန်းသည်။

ထို့နောက် အမှတ်(၁၀)ရပ်ကွက် အလင်းစေတမန် စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ စေတနာရှင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရှင်သန်တိုးတက်ရေး ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်အတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျော့သောင်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်

ကျော့သောင်း နိုဝင်ဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်ပွဲကို နိုဝင်ဘာ ၇ ရက်က ကျော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးထက်အောင်က မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်သင်တန်းသား သင်တန်းသူ ၁၅ ဦးအား အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ပေးအပ်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အားပေးစကားပြောကြား**

အခမ်းအနားအပြီးတွင် စစ်ဗျူဟာအဖွဲ့အခြေချ ကျော့သောင်းမှ စစ်ဗျူဟာမှူးနှင့်တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးစက်ပစ္စည်းများကို လိုက်လံကြည့်ရှု၍ သင်တန်းသား သင်တန်းသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# လုပ်ငန်းခွင် စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့

တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်သန့်
တွဲဖက်စီမံချက်မန်နေဂျာ
ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးစီမံချက်

နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ ၁၄ ရက်နေ့သည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဖြစ်ပါသည်။ ထိုနေ့သည် ဆီးချိုသွေးချိုရောဂါကုသသည့် ဟော်မုန်းဆေး "အင်ဆူလင်" ကို ရှာဖွေခဲ့သော ဆာဖရက်ဒရစ်ဘန်တင်း (Sir Frederick Banting)၏ မွေးနေ့ဖြစ်သည့်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို ၁၉၉၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (International Diabetes Federation) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က စတင်သတ်မှတ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂပြဋ္ဌာန်းချက် (၆၁/၂၂၅)ဖြင့် တရားဝင်ကုလသမဂ္ဂနေ့ တစ်နေ့အဖြစ် ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။

အဆိုပါ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့တွင် ဆီးချိုသွေးချိုရောဂါရှိသူများ၊ ကျန်းမာရေးပညာရှင်များ၊ မူဝါဒချမှတ်သူများ (policy makers)နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးအတွက် အရှိန်မြှင့်လုပ်ဆောင်ကြရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်နှစ်တိုင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်။

**ဆီးချိုသွေးချိုရောဂါအန္တရာယ်**

ကျန်းမာရေးနှင့်မညီညွတ်သည့် လူနေမှုပုံစံများဖြစ်ကြသော ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုမရှိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းများသည် ဆီးချိုသွေးချိုရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းများ ဖြစ်ကြပါသည်။

ထို့အပြင် ဆီးချိုသွေးချိုရောဂါရှိသူများသည် ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်သည့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်းနှင့် ခြေလက်အင်္ဂါများ ဖြတ်တောက်ရခြင်း စသည်တို့ကို ခံစားနေကြရပါသည်။ ထိုကဲ့သို့ နောက်ဆက်တွဲဆိုးကျိုးများကြောင့် အရွယ်မတိုင်မီသေဆုံးရခြင်း၊ မသန်စွမ်းဖြစ်ရခြင်းတို့ ခံစားရပြီး ဝေဒနာရှင်များမှာ အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ၎င်းတို့၏ မိသားစုဝင်များမှာ လူနာကိုကုသရသော ကုန်ကျစရိတ်များသည့်အပြင် ထိုမှဆက်စပ်၍ လူမှုစီးပွားဒုက္ခများ ခံစားလာကြရပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ထိပါးလာနိုင်သည့်အပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေပါသည်။

**နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ**

ကျန်းမာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ဖြစ်သော -

(၁) လူတိုင်းရောဂါဘယကင်းရှင်းရေး၊

(၂) လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးဟူသည့် ရည်မှန်းချက်တို့နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ရေတိုရေရှည်လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပြီး နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသပေးခြင်းဟူသည့် နည်းနာသုံးရပ် ချမှတ်ပြီး တစ်နိုင်ငံလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆီးချိုသွေးချိုရောဂါအပါအဝင် မကူးစက်နိုင်သောရောဂါများကိုကာကွယ်ရန် ပထမအဆင့်အနေဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆောလျင်စွာ ရောဂါရှာဖွေခြင်းနှင့် လိုအပ်လျှင် လွှဲပြောင်းကုသခြင်း၊ တတိယအဆင့်အနေဖြင့် ရောဂါကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်း (NCD clinic)များ ဖွင့်လှစ်ပြီး ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါများကို စောစီးစွာ ရှာဖွေစစ်ဆေးကုသပေးခြင်းနှင့် လိုအပ်လျှင် လွှဲပြောင်းကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ရမည့် နည်းလမ်းများ၊ လေ့ကျင့်ခန်းပြုလုပ်နည်းများကို နမူနာသင်ကြားပြသခြင်းများ၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါကုသသော ဆေးဝါးများနှင့် ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်သူလူထု လက်လှမ်းမီစေရန်နှင့် အခမဲ့စစ်ဆေးနိုင်ရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေများစွာအသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထုအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များရရှိရေးဆောင်ရွက်ခြင်း၊ ဆေးရွက်ကြီးနှင့် အရက်ယမကာများကို အခွန်တိုးမြှင့်ကောက်ခံခြင်းတို့ ဆောင်ရွက်နေသည့်အပြင် စားသောက်ကုန်ထုတ်လုပ်မှုတွင် သကြားနှင့် အငန်ဓာတ်ပါဝင်မှု လျှော့ချစေခြင်း၊ ဆိုးဆေးနှင့် အခြားဓာတုပစ္စည်းများမပါဝင်စေရန် ကန့်သတ်တားမြစ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို အားပေးခြင်းနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေး အသိပညာများ ပြန့်ပွားအောင် အထူးအလေးပေးခြင်း စသည့် ပြည်သူလူထု၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေမည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

> ✻ **ကျန်းမာရေးနှင့်မညီညွတ်သည့် လူနေမှုပုံစံများဖြစ်ကြသော ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုမရှိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းများသည် ဆီးချိုသွေးချိုရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်**
>
> ✻ **လုပ်ငန်းခွင်အများစု အထူးသဖြင့် ရုံးဌာနများသည် အထိုင်များသည့် လုပ်ငန်းသဘာဝရှိသည့်အတွက် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းအပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်နိုင်မှုမရှိခြင်း၊ စိတ်ကျန်းမာရေးအတွက် ပံ့ပိုးနိုင်မှုမရှိခြင်း စသည်တို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်မှုအားနည်းပြီး ဆီးချိုသွေးချိုရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်နိုင်ခြေမြင့်မား**

**အထိမ်းအမှတ်ဆောင်ပုဒ်**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် (Campaign Slogan) မှာ " Know more and do more for diabetes at work" ဟူ၍ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် "လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့"ဟူ၍ ဘာသာပြန်ဆိုထားပါသည်။ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်သည် စက်ရုံ၊ အလုပ်ရုံနှင့် ရုံးဌာနများတွင် ဆီးချိုသွေးချိုရောဂါရှိသူများအား ပြုစုစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများကို အရှိန်အဟုန်မြှင့်ပြုလုပ်နိုင်စေရန် ဦးတည်၍ ကျန်းမာရေးအသိပညာပေးမှုများကို မြှင့်တင်လိုခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါရှိသူများသည် မျှော်လင့်ချက်အတိုင်း ကျန်းမာရှင်သန်လာနိုင်စေရန် ရည်ရွယ်ပါသည်။

**လုပ်ငန်းခွင်အတွင်း ဆီးချိုသွေးချိုရောဂါ၏ စိန်ခေါ်မှုများ**

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (IDF)၏ စစ်တမ်းများအရ ကမ္ဘာပေါ်ရှိ အရွယ်ရောက်ပြီးသော လူဦးရေ ၅၈၉ သန်းခန့်သည် ဆီးချိုသွေးချိုရောဂါကို ခံစားနေကြရသည်ဟု သိရပါသည်။ ထိုအနက်မှ ၇၀ ရာခိုင်နှုန်း (သန်း ၄၃၀ ခန့်)သည် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူများဖြစ်ကြပါသည်။ ဆီးချိုသွေးချိုရောဂါရှိသူ လေးဦးထဲမှ သုံးဦးသည် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသောနိုင်ငံများတွင် နေထိုင်ကြပြီး ဆီးချိုသွေးချိုရှိသူများ၏ ထက်ဝက်ခန့်သည် ရောဂါလက္ခဏာမပြသည့်အတွက် ရောဂါရှိမှန်းမသိကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (IDF)၏ နောက်ဆုံးစစ်တမ်းများအရ ဆီးချိုသွေးချိုရှိသူ လေးဦးထဲမှ သုံးဦးသည် ဆီးချိုရောဂါကြောင့် စိတ်ဖိစီးမှု၊ စိတ်ကျရောဂါ (သို့မဟုတ်) စိတ်ကစဉ့်ကလျားဖြစ်ခြင်းများကို ခံစားနေရသည့်အပြင် လုပ်ငန်းခွင်အတွင်းတွင် ဆီးချိုသွေးချိုရောဂါရှိသည့်အတွက် ခွဲခြားဆက်ဆံခံရခြင်း၊ အသင်းအဖွဲ့မှ ဖယ်ရှားခံရခြင်း၊ စိတ်ဖိစီးမှုများပြားခြင်းတို့ကို ကြုံတွေ့နေကြရပါသည်။

**ကျန်းမာရေးနှင့်မညီညွတ်သော လုပ်ငန်းခွင်**

လုပ်ငန်းခွင်အများစု အထူးသဖြင့် ရုံးဌာနများသည် အထိုင်များသည့် လုပ်ငန်းသဘာဝရှိသည့်အတွက် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းအပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်နိုင်မှုမရှိခြင်း၊ စိတ်ကျန်းမာရေးအတွက် ပံ့ပိုးနိုင်မှုမရှိခြင်း စသည်တို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်မှုအားနည်းပြီး ဆီးချိုသွေးချိုရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်နိုင်ခြေမြင့်မားနေပါသည်။

**ဆီးချိုသွေးချိုရောဂါရှိသူများအတွက် စောင့်ရှောက်မှုတိုးမြှင့်နိုင်မည့် နည်းလမ်း (၁၀)**

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ်ကြီးက ဆီးချိုသွေးချိုရောဂါလူနာများကို ကာကွယ်ကုသစောင့်ရှောက်ပေးနိုင်မည့် အောက်ပါနည်းလမ်း (၁၀) ချက်ကို ချမှတ်ထားပါသည် -

၁။ လုပ်ငန်းခွင်တွင် ဆီးချိုသွေးချိုရောဂါကို ကုသစောင့်ရှောက်ပေးနိုင်မည့် လိုအပ်သောပစ္စည်းများကို သိမ်းဆည်းထားနိုင်မည့် လုံခြုံသော သီးသန့်နေရာတစ်ခုကို သတ်မှတ်ထားရှိခြင်း၊

၂။ ဆီးချိုသွေးချိုရောဂါရှိသူများ လိုအပ်သော ကျန်းမာရေးကိစ္စများကို ဖြေရှင်းနိုင်ရန် အစားအသောက်၊ ရေ၊ သန့်စင်ခန်းနှင့် နားနေခန်းများကို ဖြည့်ဆည်းပေးခြင်း၊

၃။ ဆီးချိုသွေးချိုရောဂါနှင့် ဆက်နွှယ်သော အရေးပေါ်အခြေအနေများကို ကုသနိုင်ရန် လေ့ကျင့်သင်ကြားပေးထားသော ဝန်ထမ်းတစ်ဦးနှင့် လိုအပ်သောအရေးပေါ်ဆေးဝါးပစ္စည်းများကို အဆင်သင့်ထားရှိပေးခြင်း၊

၄။ ဆီးချိုသွေးချိုရောဂါရှိသည့်အတွက် ဂုဏ်သရေညှိုးနွမ်းနေရခြင်း၊ စိုးရိမ်ထိတ်လန့်နေရခြင်းတို့ကင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးခြင်း၊

**စာမျက်နှာ ၇ သို့** ■

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ

ရွှေပြည်သစ်ဆီလှမ်းကြမည်။

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- ★ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
- ★ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများတွေ့ဆုံ

**သီပေါ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက သီပေါမြို့နယ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သီပေါမြို့ကို မူလအခြေအနေ အတိုင်းဖြစ်အောင်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ်သည်။




ထို့နောက် သီပေါမြို့စည်ပင်သာယာရေးဌာနရုံး၌ ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူသုံးကုန်ပစ္စည်းများ ရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် ကနဦးဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် သီပေါပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်၍ ဆေးရုံအတွင်း ရွှေ့လျားခွဲစိတ်ခန်းနှင့် ကလေးများအား ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ ဆေးရုံမှ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ ကုန်းတော်ဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုနှင့် သီပေါမြို့ ပန်းတိမ်မြောက်ရပ်ကွက် မီးသတ်ဦးစီးဌာနရှိမီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် မြို့လယ်ရွှေစေတီကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ မြို့မရဲစခန်း၌ ရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ချီးမြှင့်ငွေပေးအပ်သည်။

ဆက်လက်၍ သီပေါမြို့ တောင်မြို့ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံနေမှုနှင့် ကျောင်းစာကြည့်တိုက်တွင် စာပေဖတ်မှတ်လေ့လာနေမှုတို့ကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် အလှူငွေနှင့် ဆရာ ဆရာမများအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဘော်ကြိုကျေးအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံမွမ်းမံပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ တာဝန်ရှိသူများက စစ်ရေးပြ၊ မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သင်ကြားပို့ချစဉ်။ ခရိုင်(ပြန်/ဆက်)

# မိုးနဲမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုးနဲ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ယနေ့နံနက် ၉ နာရီတွင် မိုးနဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မိုးနဲမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးကျော်အောင်အောင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပို့ချခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့သည်။

**တက်ရောက်**



အဆိုပါဟောပြောပွဲသို့ ဆရာ ဆရာမ ခြောက်ဦး၊ ကျောင်းသား ၁၂၇ ဦး တက်ရောက်ခဲ့ကြောင်း ကျောင်းသူ ၁၂၁ ဦး စုစုပေါင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

■ စာမျက်နှာ ၆ မှ

၅။ အချိန်ပိုင်းအလုပ်လုပ်ခြင်း (သို့မဟုတ်) အလှည့်ကျအလုပ်လုပ်ခြင်း (ဥပမာ- အိမ်မှအလုပ်လုပ်ခြင်း) ကဲ့သို့သော ဆီးချိုသွေးချိုရောဂါရှိသူများနှင့် လိုက်လျောညီထွေမှုရှိစေမည့် အလုပ်လုပ်နည်းစနစ်များကို ကျင့်သုံးခြင်း၊

၆။ ဆီးချိုသွေးချိုရောဂါရှိသည့် ဝန်ထမ်းများ၏ စိတ်ကျန်းမာရေးအထောက်အပံ့ ပံ့ပိုးပေးခြင်း၊

၇။ ဆီးချိုသွေးချိုရောဂါနှင့် သင့်လျော်သည့် အစားအသောက်နှင့် သရေစာများကို လုပ်ငန်းခွင်တွင် အဆင်သင့်ရရှိနိုင်စေရန် စီစဉ်ထားခြင်း၊

၈။ လုပ်ငန်းခွင်အတွင်း ကိုယ်လက်လှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်စေခြင်း၊

၉။ ဆီးချိုသွေးချိုရောဂါနှင့် ပတ်သက်သည့် ပညာပေးအချက်အလက်များကို အလုပ်နေရာတွင် ရရှိနိုင်အောင်ပြုလုပ်ခြင်း၊

၁၀။ လုပ်ငန်းခွင်တွင် ဆီးချိုသွေးချိုရောဂါရှိ၊ မရှိ စစ်ဆေးနိုင်စေရန် စီစဉ်ပေးခြင်း။

ဆီးချိုသွေးချိုရောဂါရှိသူများနှင့် ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေများသူများ (Prediabetes) အတွက် အန္တရာယ်ကင်းပြီး ပံ့ပိုးမှုအပြည့်ရှိသည့် ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်းများ ပိုမိုပေါ်ထွန်းလာစေရန်အတွက် ဖန်တီးလုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ လုပ်ငန်းခွင်အတွင်းတွင် ဆီးချိုသွေးချိုရောဂါအကြောင်း ပိုမိုသိရှိကြပြီး "လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်မြှင့်စို့" ဆောင်ပုဒ်နှင့်အညီ အားလုံးကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**❛ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ရမည့်နည်းလမ်းများ၊ လေ့ကျင့်ခန်းပြုလုပ်နည်းများကို နမူနာသင်ကြားပြသခြင်းများ၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါကုသသော ဆေးဝါးများနှင့် ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်သူလူထု လက်လှမ်းမီစေရန်နှင့် အခမဲ့စစ်ဆေးနိုင်ရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေများစွာအသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိ❜**

# ကျွန်တော်တို့ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ချိတ်ဆက်ပြီး အများကြီးကူညီဆောင်ရွက်ပေးပါတယ်။

**Mumtaz Tahir khan ပါကစ္စတန်နိုင်ငံသား**

**မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည်။**


Gladys Muthoni


Mary Jane a Vicente


Benson Koech


Mumtaz Tahir khan


Zhang Hao Nan

ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် တရားမဝင်လောင်းကစားမှု အပါအဝင် ဒုစရိုက်မှုမျိုးစုံ ပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပ ဒုစရိုက်သမားများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က စဉ်ဆက်မပြတ် ချေမှုန်းရှင်းလင်းလျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ထိုကဲ့သို့ မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် အခြေပြု၍ online လိမ်လည်မှုများ၊ online လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် ဖမ်းဆီးခံရပြီး နိုင်ငံတော်အစိုးရက သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်ဒဏ်ပေး လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**Gladys Muthoni ကင်ညာနိုင်ငံသူ**

ထိုင်းနိုင်ငံမှာ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ အလုပ်လုပ်ရမယ် ဆိုပြီး Telegram နဲ့ Facebook ကနေ သူငယ်ချင်းက ဆက်သွယ်လာပါတယ်။ ဒါကြောင့် ကင်ညာနိုင်ငံကနေ အီသီယိုးပီးယားနိုင်ငံကို လေယာဉ်နဲ့လာတယ်။ အဲဒီကနေ တစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်ကို ရောက်ပါတယ်။ ဗန်ကောက်ကနေ မြန်မာနိုင်ငံထဲကို ကားနဲ့ တစ်ယောက်တည်းလာခဲ့ပါတယ်။ မြန်မာနိုင်ငံထဲက KK Park ကို ရောက်တော့ အွန်လိုင်းလိမ်လည်မှု လုပ်ရမယ်မှန်း မသိခဲ့ပါဘူး။ ကွန်ပျူတာပိုင်းဆိုင်ရာ အလုပ်ပဲ လုပ်ရမယ်လို့ထင်ခဲ့တယ်။ ဒီကို ရောက်တဲ့အခါကျမှ အွန်လိုင်းလိမ်လည်မှုအလုပ်ကို လုပ်ခဲ့ရပါတယ်။ တစ်နေ့ကို ၁၈ နာရီလောက် အလုပ်လုပ်ရပါတယ်။ အခုကတော့ ကျွန်မတို့ကို သက်ဆိုင်ရာသံရုံးနဲ့ ချိတ်ဆက်ပြီး ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။

**Mary Jane a Vicente ဖိလစ်ပိုင်နိုင်ငံသူ**

ဖိလစ်ပိုင်ကနေ ထိုင်းကို လေယာဉ်နဲ့ လာခဲ့ပါတယ်။ ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကိုရောက်ဖို့အတွက် တောင်တစ်လုံးကိုဖြတ်ကျော်ခဲ့ရတယ်။ တရုတ်လူမျိုး တစ်ယောက်က ကျွန်မအပါအဝင် ၂၇ ယောက်ကို ကားသုံးစီးနဲ့ ခေါ်လာခဲ့ပါတယ်။ ထိုင်းဘက်ကနေ ညပိုင်းမှာ မြစ်ကိုကျော်ပြီး KK Park ထဲကို ရောက်လာခဲ့ပါတယ်။ HR ရာထူးနဲ့ လစာတွေ အများကြီး ပေးမယ်ဆိုပြီး ခေါ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှု ဆိုတာကို လုံးဝမသိခဲ့ရပါဘူး။ ကျွန်မကို မြန်မာနိုင်ငံမှာ အလုပ်လုပ်ရမယ်လို့လည်း တစ်ခါမှ မပြောခဲ့ဘူး။ ထိုင်းနိုင်ငံမှာပဲ HR ရာထူးနဲ့ အလုပ်လုပ်ရမယ် ပြောခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုတဲ့ စကားလုံးတစ်လုံးမှ မပြောခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မမြန်မာနိုင်ငံကို ရောက်လာခဲ့ရတယ်။ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ကျွန်မမှာမရှိဘူး။ မြန်မာကိုလည်း လာတာမဟုတ်ဘူး။ ထိုင်းကိုပဲ သီးသန့်လာခဲ့တာဖြစ်ပါတယ်။

ဒီမှာလည်း ကျွန်မကို HR အနေနဲ့ ခေါ်တယ်ဆိုပေမယ့် တကယ်တမ်းကျတော့ Online scam တွေပဲ လုပ်ရပါတယ်။ တစ်ရက်ကို ၁၂ နာရီကြာအောင် အလုပ်လုပ်ရတယ်။ ဒီအလုပ်ရဖို့ ကျွန်မတို့ကို ဆိုရှယ်မီဒီယာဖြစ်တဲ့ Telegram ကနေတစ်ဆင့် ချိတ်ဆက်ပြီး ခေါ်ခဲ့တာပါ။ တစ်ခါတလေ အလုပ်မှာ သူတို့လိုအပ်တဲ့ Target ပန်းတိုင်မရောက်ရင် အပြစ်ပေးတာမျိုးတွေရှိတယ်။ ကျွန်မ သူငယ်ချင်းတွေလည်း အပြစ်ပေးခံရတာတွေရှိတယ်။ KK Park အတွင်းထဲမှာ အလုပ်တွေနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ တစ်ကနေ ခြောက်အထိရှိတယ်။ အဲဒီမှာ ကျွန်မတို့ ဖိလစ်ပိုင်လူမျိုးတွေအယောက်တစ်ထောင်လောက် ရှိမယ်လို့ ခန့်မှန်းရတယ်။ အခု ထိန်းသိမ်းရေးစခန်းမှာ မြန်မာနိုင်ငံအစိုးရက ဆေးဝါးတွေ၊ အစားအစာတွေနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းတွေကို ထောက်ပံ့ပေးထားပါတယ်။ မြန်မာနိုင်ငံအစိုးရကနေ ကျွန်မတို့ သံရုံးတွေနဲ့ချိတ်ဆက်ပြီး နှစ်ပတ်လောက်နေရင် ပြန်ပို့ပေးမယ်လို့ သိရပါတယ်။ အမိနိုင်ငံကို ပြန်ချင်တဲ့အတွက် အမြန်ဆုံး ပြန်လာခေါ်စေချင်ပါတယ်။

**Benson Koech ကင်ညာနိုင်ငံသား**

ကျွန်တော်က ဒူဘိုင်းမှာ အလုပ်လုပ်ပါတယ်။ ဗန်ကောက်ကို အလည်လာရင်း ကုမ္ပဏီတစ်ခုရဲ့ Telegram အကောင့်ကနေ ဒီမှာ အလုပ်လုပ်မလားဆိုပြီး ဆက်သွယ်လာခဲ့ပါတယ်။ စိတ်ဝင်စားတဲ့အတွက် ဗန်ကောက်မှာပဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဗန်ကောက်ကနေ ရှစ်နာရီလောက်ဝေးတဲ့ နေရာမှာ အလုပ်လုပ်မလားဆိုပြီး ထပ်ပြောခဲ့တယ်။ ကားအကောင်းစားတွေနဲ့လာခေါ်လို့ လိုက်လာခဲ့ပြီး ဒီကိုရောက်လာခဲ့ပါတယ်။ ကားပေါ်မှာ ကောင်းတဲ့အလုပ် ဟုတ်ရဲ့လားဆိုပြီး မေးခဲ့ပေမယ့် သူငယ်ချင်းတွေက ဒီအလုပ်က ကောင်းတဲ့အလုပ်၊ လစာလည်း ကောင်းမယ်၊ အခွင့်အရေးလည်း ကောင်းလိမ့်မယ်ပြောတာနဲ့ ဒီကို ရောက်လာခဲ့တယ်။ ဒီကိုရောက်တဲ့ အချိန်မှာ အလုပ်တွေကို မလုပ်ဘူးလို့ ငြင်းဆန်ပေမယ့် အခွင့်အရေး မရတော့ဘူး။ KK Park ကို ရောက်လာတဲ့အချိန်အထိ ထိုင်းနိုင်ငံလို့ပဲထင်ခဲ့တယ်။ ဒီရောက်တော့ ဘယ်မှလည်း မသွားရတော့ဘူး။

ဒီကို ရောက်တဲ့လမှာ အလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်လလုံး သင်ကြားပေးတယ်။ ဖုန်းလေးလုံးပေးထားပြီး ဆက်သွယ်ခိုင်းတယ်။ ပြီးတော့ ထောင်နဲ့ချီတဲ့ မက်ဆေ့တွေကို စာပြန်ပို့ရတယ်။ ဟိုဘက်က ဟိုင်း၊ နေကောင်းလား ဆိုတဲ့ စာပြန်ပို့လာရင် အထက်က Senior တွေက ဘာပြန်လုပ်ရမလဲ ဆိုတာကို ညွှန်ကြားပေးတယ်။ ဒီကိုရောက်လာတော့ KK Park ဆိုတာကို စပြီးတော့ သိလာတယ်။ အရင်က တစ်ခါမှမကြားဖူးဘူး။ အလုပ် လုပ်ရတဲ့အချိန်တွေက တရုတ်နိုင်ငံ ပေကျင်း စံတော်ချိန်


Bong Bong


Xu You qiqng

အတိုင်း ကိုးနာရီမှ စလုပ်ရတယ်။ နောက်နေ့ မနက် ၂ နာရီအထိ အလုပ် လုပ်ရတယ်။ တစ်ဖက်ကို စာပို့တဲ့အချိန်မှာ တစ်ဖက်ကပို့တဲ့ စာမပြန်ရင် ဘာဖြစ်လို့စာမပြန်လဲ ဆိုပြီး အပြစ်ပေးတာခံရပါတယ်။ နှစ်ရက်၊ သုံးရက်အထိ အစာမကျွေးဘဲထားတဲ့အချိန်တွေ ရှိခဲ့ပါတယ်။ အပြစ်ပေးတဲ့အနေနဲ့ ပုံမှန်အိပ်တဲ့ နေရာတွေမှာ ပေးမအိပ်ဘဲ အခြားနေရာတွေမှာ အိပ်ခိုင်းခဲ့တာမျိုး ရှိတယ်။

အခုကတော့ မြန်မာနိုင်ငံရဲ့ ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ အရင်အလုပ်လုပ်ခဲ့တဲ့ KK Park မှာထက် ဒီမှာ ပိုအဆင်ပြေပါတယ်။ KK Park တုန်းက ပြန်ဖို့ပဲတွေးနေခဲ့တယ်၊ ပြန်ချင်လို့ မန်နေဂျာကို ပြောပေမယ့် လက်မခံခဲ့ဘူး။ ဒီထိန်းသိမ်းရေးစင်တာရောက်တော့ ပျော်ရွှင်ခဲ့ရတယ်။ စိတ်ချမ်းသာတယ်။ ဒီစင်တာက မနက်စာ၊ နေ့လယ်စာနဲ့ ညစာ၊ ကောင်းမွန်တဲ့ရေတွေ၊ နေရာထိုင်ခင်း အဆင်ပြေပြေနဲ့ အခြားလိုအပ်တာတွေကိုပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန် စီစဉ်ပေးထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်ကတစ်ဆင့် ရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်က လာတဲ့သူတွေပိုများတယ်။ အခု ငါးလအတွင်း ထိုင်းဗီဇာကြောင့် လာတဲ့သူတွေနည်းသွားတယ်။ ကျွန်တော်လာတုန်းက ၁၈ နာရီလောက် ကြာတယ်။ ကျွန်တော့်လက်မှာရှိတဲ့ ဒဏ်ရာက အပြစ်ဒဏ် လျှပ်စစ်မီးနဲ့ တို့ခံရတဲ့ ဒဏ်ရာဖြစ်တယ်။ တချို့သူတွေဆို ခေါင်းကို စားပွဲနဲ့ ဆောင့်ရိုက်ခံရတဲ့သူတွေလည်းရှိတာကိုကြုံတွေ့ခဲ့ရတယ်။ ပြစ်ဒဏ်ကြီးကြီးမားမား ပေးချင်တဲ့အခါမှာ ရုံးခန်းထဲခေါ်ပြီး အပြစ်ပေးတယ်။ KK Park မှာ ဖုန်းကို တစ်နာရီလောက်ပဲပေးသုံးတယ်။ ပေးသုံးတဲ့ အချိန်မှာလည်း အထူးကြပ်ပြီးတော့ စောင့်ကြည့်နေတယ်။ ဖုန်းမှာ Password ထားပိုင်ခွင့်မရှိဘူး။ အချက်အလက်တွေကို သူတို့အကုန်သိမ်းထားတယ်။ မိသားစုဝင် တစ်ယောက်နှစ်ယောက်ကိုပဲ ပေးပြီးဆက်သွယ်ခွင့်ပြုပေးတယ်။ သက်ဆိုင်ရာကို အကူအညီ တောင်းတာတွေ့ရင် အစအနဖျောက်မယ်လို့ခြိမ်းခြောက်တယ်။ ဒီကို ရောက်ရောက်ချင်းလမှာ ထိုင်းဘတ် သုံးသောင်းပေးတယ်။ နောက်ပိုင်းမှာ မပေးတော့ဘူး။ စားသောက်နေထိုင်ဖို့လောက်ပဲပေးတယ်။ အလုပ်နောက်ကျရင် ဒဏ်ငွေဆောင်ရတယ်။ ကျွန်တော်တို့ ဒီရောက်နေတဲ့ အာဖရိကနိုင်ငံသား အားလုံးရဲ့ မိသားစုတွေက ဗန်ကောက်၊ ဒါမှမဟုတ် တရုတ်နိုင်ငံမှာ အလုပ်လုပ်နေကြတယ်လို့ ထင်ကြတယ်။ KK Park မှာ အလုပ်လုပ်နေတယ်လို့ ပြောပိုင်ခွင့်မရှိပါဘူး။

စာမျက်နှာ ၉ သို့ ❖


ထိန်းသိမ်းရေးစခန်းရှိ ပြည်ပနိုင်ငံသားများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်လျက်ရှိသည့် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များမှ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများအား မြန်မာ့ရိုးရာ သိုင်းသင်တန်းဖွင့်လှစ်ပေးခြင်းသည် မြန်မာ့သိုင်းပညာရပ်များ ပြန့်ပွားရေးအတွက် သာမက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းတတ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသိုင်းသင်တန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ညောင်ရွှေ စသည့် ခရီးစဉ်ဒေသများတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ပါဝင်တက်ရောက်သူများအနေဖြင့် သင်တန်းမှ ရရှိခဲ့သည့် ဗဟုသုတများ၊ အတွေ့အကြုံကောင်းများကို မိမိတို့နယ်ပယ်ပတ်ဝန်းကျင်သို့ မျှဝေပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ကာ နည်းပြဆရာများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းထူးချွန်ဆုရ သင်တန်းသားများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများက မြန်မာ့ရိုးရာအခြေခံသိုင်းပညာဖြင့် သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ ငွေကျပ်သန်း၂၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ငွေကျပ်သန်း၂၀ ပေးအပ်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)က တပ်မတော်သားဖြစ်ခဲ့သူ တစ်ဦးအနေဖြင့် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ အစွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**❖ စာမျက်နှာ ၈ မှ**

**Mumtaz Tahir khan**

**ပါကစ္စတန်နိုင်ငံသား**

ဒီအလုပ်ကိုစသိတာက အွန်လိုင်းကတစ်ဆင့် သိတာပါ။ အဲဒီကနေ ဆက်သွယ်မိပြီး ဗန်ကောက်ကို ရောက်လာတယ်။ အဲဒီကို ရောက်တဲ့အချိန်မှာ အချိုရည်တစ်ခုကို သောက်လိုက်တယ်။ ပြန်နိုးလာတဲ့အချိန်မှာ တောအုပ်တစ်ခုထဲမှာ ရောက်နေတယ်။ အဲဒီတောအုပ်ထဲမှာ လူသုံးယောက်က ခေါင်းရှည်နဲ့ ပစ္စတိုနဲ့ စောင့်နေပြီး KK Park ထဲ ရောက်နေတဲ့အကြောင်း ပြောပြတယ်။ တရုတ်ကောင်မလေး နှစ်ယောက်က ရုံးထဲကို ခေါ်သွားတယ်။ အဲဒီ တရုတ် လူမျိုးတွေကိုလည်း တစ်ခါမှ မမြင်ဖူးဘူး၊ သိလည်းမသိဘူး။ အလုပ်လုပ်ဖို့ ကမ်းလှမ်းတယ်။ ပထမဦးဆုံးသုံးလကို ထိုင်းဘတ်တစ်သောင်းခွဲ ပေးမယ်လို့ ကမ်းလှမ်းတယ်။ အဲဒီသုံးလအတွက် တစ်ပြားမှ မရခဲ့ဘူး။ နောက်ဆုံး ရွေးချယ်စရာလမ်းမရှိတော့ အဲဒီမှာပဲနေခဲ့ရတယ်။

အခုလို မြန်မာနိုင်ငံအစိုးရက ကယ်တင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီမှာ ငါးလနေခဲ့ရတယ်။ စရောက်တော့ စာပို့တဲ့အလုပ်မှာ လုပ်ရတယ်။ KK Park တစ်ကနေ ငါးအထိရှိတယ်။ အပြင်ထွက်ဖို့ အမျိုးမျိုး ကြိုးစားပေမယ့် မရခဲ့ဘူး။ ကျွန်တော့်မိန်းမနဲ့ ညီလေးလည်း အဲဒီမှာပဲ အလုပ်လုပ်နေရတယ်။ အဲ့ဒါကြောင့် အကူအညီအများကြီး လိုအပ်ခဲ့တယ်။

အခုလို လွတ်မြောက်ချင်တဲ့အတွက် အဲဒီကထွက်လာတဲ့ အချိန်မှာ ပစ္စည်းတွေ ဘာတစ်ခုမှ မယူဘဲ ပြေးလာခဲ့တာဖြစ်ပါတယ်။ ထိန်းသိမ်းရေးစင်တာမှာ ကျွန်တော့်ကို ကူညီပေးတဲ့လူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အမြန်ဆုံး သံရုံးနဲ့ချိတ်ဆက်ပြီး အမြန်ဆုံး ပြန်ပို့ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်ဒီမလာခင်က ကျွန်တော်တို့နိုင်ငံမှာပဲ အိမ်ခြံမြေအရောင်းအဝယ်လုပ်ပါတယ်။ ဗန်ကောက်ကို ရောက်လာတဲ့အကြောင်းက လူတစ်ဦးက လစာအများကြီးနဲ့ ကမ်းလှမ်းတဲ့အတွက် ရောက်လာခဲ့တာပါ ။ အိန္ဒိယနိုင်ငံမှာလည်း ဒီလိုမျိုး Typing အလုပ်တွေ ရှိတယ်။ အဲဒီ Typing အလုပ်က တရားဝင်ဖြစ်တယ်။ ဒီရောက်မှ Typing အလုပ်ဟာ ငွေလိမ်တဲ့အလုပ်မှန်း ကျွန်တော်သိရတယ်။ အပြင်သွားလို့ မရဘူး။ လုံခြုံရေး အပြည့်ချထားတယ်။ ဝယ်ယူထားတဲ့ ပစ္စည်းတွေကို ဗီရိုထဲမှာ စနစ်တကျထားရတယ်။ ၈ နာရီထိုးကနေ မွန်းလွဲ ၂ နာရီအထိ အလုပ်လုပ်ရတယ်။ ထမင်းစားချိန်ကို မိနစ် ၃၀ ပေးထားတယ်။ ပြီးတော့ ညနေ ၅ နာရီကနေ မနက် ၄ နာရီအထိ တစ်နေ့ကို ၁၇ နာရီကနေ ၁၈ နာရီအထိ အလုပ်လုပ်ရတယ်။ ကျွန်တော် ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ ကျွန်တော့်ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံ အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရက သံရုံးတွေနဲ့ချိတ်ဆက်ပြီး အများကြီး ကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်တာ ကတော့ အမြန်ဆုံး အိမ်ပြန်ရောက်အောင် ကူညီပေးဖို့ တောင်းဆိုချင်တယ်။

**Zhang Hao Nan**

**တရုတ်နိုင်ငံသား**

တရုတ်နိုင်ငံကနေ လာတော့ ဘယ်ကုမ္ပဏီမှာ လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော့်ကို လိမ်ခေါ်လာတော့ ဘာအလုပ်လုပ်ရမယ်ဆိုတာမသိဘူး။ ကျွန်တော်က အွန်လိုင်းကိစ္စ လာတာမဟုတ်ပါဘူး။ ကျွန်တော်ရောက်တာ မကြာသေးပါဘူး။ နှစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ အလုပ်တွေ မလုပ်ရသေးပါဘူး။

ကျွန်တော့် သူငယ်ချင်းက ထိုင်းမှာ အလုပ်လာလုပ်ဖို့ ခေါ်တယ်။ ထိုင်းနိုင်ငံရောက်ပြီးမှ ဒီဘက်ကို ရောက်လာတာပါ။ အကြွေးရစရာရှိတာကို ထိုင်းဘက်မှာလာယူပြီး ပြန်ဖို့ပြောလို့ ထိုင်းကို ရောက်လာတာပါ။ ပိုက်ဆံလာယူဆိုပြီး လိမ်ခေါ်တယ်။ ထိုင်းရောက်တော့ တခြားလူလွှတ်ပြီး လာခေါ်တယ်။ လူငါးယောက်က ကားနဲ့ လာကြိုပြီး KK Park ကို ရောက်လာတယ်။

**Bong Bong**

**တရုတ်နိုင်ငံသား**

ကျွန်တော်ကတော့ ကွမ်တုံမြို့ကနေပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ ထိုင်းရောက်တော့ ကျွန်တော့်ကို ကားပေါ်ဆွဲတင်ပြီး မလိုက်ချင်ဘူးဆိုတော့ ကျွန်တော့်ကို ရိုက်ပါတယ်။ KK Park ကို ရောက်တဲ့အချိန်မှာ ကျွန်တော် အလုပ် မလုပ်ပါဘူး။ အလုပ်မလုပ်တော့ အဲဒီကလူတွေက ကျွန်တော့်ကို ရိုက်ပြီးတော့ အခန်းထဲမှာ ပိတ်ထားပါတယ်။ KK Park ကို ရောက်မှ မြန်မာနိုင်ငံထဲမှာမှန်း သိရတယ်။ ငါးလလောက် အလုပ်မလုပ်တဲ့အတွက် ကျွန်တော့်ကို အခန်းထဲမှာ ပိတ်ထားပါတယ်။ အဲဒီအချိန်မှာ တစ်နေ့ကို ထမင်းတစ်နပ်ပဲ ကျွေးပါတယ်။ အခု မြန်မာနိုင်ငံအစိုးရက စီစဉ်ပေးထားတာ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော် အိမ်ပြန်ချင်တယ်။ ဟိုဘက်က လာမကြိုသေးတဲ့အတွက် စောင့်နေရတာဖြစ်ပါတယ်။

**Xu You qiqng**

**တရုတ်နိုင်ငံသား**

တရုတ်နိုင်ငံကနေ စထွက်လာပြီးတော့ ထိုင်းနိုင်ငံကို ရောက်ပါတယ်။ အောက်လမ်းကနေလာတာဖြစ်ပါတယ်။ ထိုင်းကနေ ရောက်လာပြီးတော့ မြန်မာနိုင်ငံမှန်းမသိပါဘူး။ KK Park ကို ရောက်လာတာ နှစ်လကျော်လောက်ပဲရှိပါသေးတယ်။ ဘာမှ မလုပ်တတ်တဲ့အတွက် အခန်းကျဉ်းလေးထဲမှာ ချုပ်ထားပါတယ်။ တစ်ရက်ကို တစ်ခါလောက်တော့ မိသားစုနဲ့ အဆက်အသွယ်ရပါတယ်။ သူဌေးတွေက အကောင်းတွေကိုပဲ ပြောခိုင်းတယ်။ အိမ်က မိသားစုတွေ စိတ်မခံစားရအောင် အကောင်းတွေပဲ ပြောပြရပါတယ်။ Phyo Phyo အကောင့်ကနေ တွေ့ပြီး ပစ္စည်းအတင်အချအလုပ်တွေရှိတယ်ဆိုပြီး ဒီဘက်လာလုပ်ဆိုပြီးပြောတာပါ။ ကျွန်တော်တို့ကို အခုမြန်မာနိုင်ငံက တာဝန်ရှိသူတွေက လုံခြုံအောင်ထားပေးတဲ့အတွက် ကောင်းပါတယ်။ မြန်မြန်တော့ ဆောင်ရွက်ပေးပါ၊ အိမ်ပြန်ချင်ပါတယ်။



ထိန်းသိမ်းရေးစခန်းရှိ ပြည်ပနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးစဉ်။

**တွေ့ဆုံမေးမြန်း-အောင်ဂျိုင်း**

**ဓာတ်ပုံ-မင်းမင်း**

■

# ကယားပြည်နယ် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိသည့်ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ၂၀၂၅ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၁၀

ကယားပြည်နယ်တွင် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိသည့် ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပန်းတိုင်အထွက်နှုန်းရရှိစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နွေစပါး အထွက်နှုန်း ၁၇၁ ဒသမ ၈၇ တင်းဖြင့် ပထမဆုရရှိသည့် လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာအုပ်စု မှုံပြာကျေးရွာမှ တောင်သူဦးရှူဘီ၊ နွေစပါးအထွက်နှုန်း ၁၆၈ ဒသမ ၃၅ တင်းဖြင့် ဒုတိယဆုရရှိသည့် လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာမှ တောင်သူ ဦးဆော်ရယ်နှင့် နွေစပါးအထွက်နှုန်း ၁၆၅ ဒသမ ၉၀ တင်းဖြင့် တတိယဆုရရှိသည့် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာမှ တောင်သူ ဦးကျော်ရွှေတို့ကို ဂုဏ်ပြုလက်မှတ်နှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး တာဝန်ရှိသူများက နွေစပါးပန်းတိုင်အထွက်နှုန်း အထူးဆုရရှိသည့် ထူးချွန်တောင်သူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုလက်ဆောင်များ ပေးအပ်၍ ဆုရတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။




ယမန်နေ့မွန်းလွဲပိုင်းက ကယားပြည်နယ်၏ အားကစားအဆင့်အတန်း မြင့်မားလာရေး၊ အားကစားသမားများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာများ မြှင့်တင်နိုင်ရေး၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များကို မြေတောင်မြှောက်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်သည် အားကစားအဆင့်အတန်း မြင့်မားသည့် အစဉ်အလာကောင်းများရှိခဲ့ပြီး ထိုအစဉ်အလာကောင်းများ၊ အောင်မြင်မှုများ ပြန်လည်ရရှိရန် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများအား ချီးမြှင့်ငွေနှင့် လေ့ကျင့်ရေးဘောလုံးများ ပေးအပ်ပြီး လွိုင်ကော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် Fitness Dance အဖွဲ့တို့၏ စွမ်းရည်ပြဖျော်ဖြေမှုနှင့် အဖွင့်ပွဲ ပွဲစဉ်(၁)အဖြစ် ထက်မြတ်ပိုင်ထူး FC နှင့် Lion FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၆ သင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲများကို နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပကာ ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ရေကြည်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

ရေကြည် နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း( ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရွှေအေးတို့က အမှာစကားပြောကြားပြီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်း( ပုသိမ်)မှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုနှင်းထိုက်က အခြေခံအင်္ကျီချုပ်နည်း ရှစ်မျိုးကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ၄၅ ရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကံမမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၅) ဖွင့်

ကံမ နိုဝင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ကျင်းပရာ ကံမမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိ/ ရပ်ဖများ၊ သင်တန်းသားများ



တက်ရောက်ခဲ့ကြကြောင်းနှင့် သင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ကံမမြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

ကောင်းစစ်နိုင်

## ရွှေတောင်မြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်ရေး တွေ့ဆုံပွဲကျင်းပ



ရွှေတောင် နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် မဲစာရင်းများ ပြည့်စုံ မှန်ကန်ရေး တွေ့ဆုံပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြက အမှာစကား ပြောကြားပြီး ပြည်ခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်ဌေးက မဲစာရင်းတွင် လူများမကျန်ရှိစေရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော နိုင်ငံရေးပါတီများနှင့် ရပ်ကွက်/ ကျေးရွာ အုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ပွင့်လင်းရာသီတွင် မီးလောင်မှု/မီးလန့်မှုမဖြစ်စေရေးအတွက် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးစစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ညောင်ရွှေမြို့နယ်၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့နယ် ကျေးထပ်ကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်းသမဝါယမ အသင်းလီမိတက်မှ မိုးစပါး ရိတ်သိမ်းမှု အခြေအနေကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ



တွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက မိုးစပါး ရိတ်သိမ်းနေသည့် မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တစ်ဧကလျှင် ၁၁၃ တင်း ပျမ်းမျှထွက်ရှိကြောင်း၊ အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိစေရေး သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပြီး သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။ **ဝိုးတောင်း**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မိဘပြည်သူများသို့ အသိပေးပြောကြားချက်

အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီနေ့မှာတော့ ကျွန်တော်တို့နိုင်ငံမှာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မိဘပြည်သူများကို အသိပေးပြောကြားလိုတာများကို အသိပေးပြောကြားသွားမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရဲ့ ရွေးကောက်ပွဲအပိုင်း(၁)ကို အခုလာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ မိဘပြည်သူများလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ ရက်ပေါင်း ၄၈ ရက်သာ လိုတော့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲ အပိုင်း (၂) ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလိုပဲ ရွေးကောက်ပွဲအပိုင်း (၃) ကိုလည်း ရွေးကောက်ပွဲ အပိုင်း (၂)ရဲ့ နှစ်ပတ်ခြားအကြာမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တချို့မလိုလားသူတွေက မိဘပြည်သူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် အမျိုးမျိုးပြောဆိုနေကြတာတွေ၊ သွေးထိုးလှုံ့ဆော်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေအသိအမြင်ရှင်းလင်းစေဖို့အတွက် ကျွန်တော် ပြောကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကိုယ့်ထီးကိုယ့်နန်းနဲ့ နေထိုင်ခဲ့ရပြီး ဘုရင်စနစ်ကို ကျင့်သုံးခဲ့တဲ့အတွက် ရွေးကောက်ပွဲဆိုတာ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုလိုနီခေတ်မှာတော့ မြန်မာနိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိအမြင် တိုးတက်ပြောင်းလဲလာမှုနဲ့အတူ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ အုပ်ချုပ်ရေးစနစ်တွေကို တိုးမြှင့်ပြောင်းလဲပေးခဲ့ရပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ဂျီစီဘီအေ အသင်းကြီး ပေါ်ပေါက်လာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Home Rule) ကိုတောင်းဆိုခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တိုးမြှင့်မပေးဘဲ ဒိုင်အာခီ(Dyarchy) လို့ခေါ်တဲ့ နှစ်ဦးနှစ်ဖွဲ့အုပ်ချုပ်ရေးကို တိုးမြှင့်ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်တဲ့အခါ ဥပဒေပြုကောင်စီအတွက် ရွေးကောက်ပွဲကို ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ရွေးကောက်ပွဲ ဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်းတွေအရ လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေကို ပြန်ပြီး လေ့လာကြည့်ရင် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်ထိ ရွေးကောက်ပွဲခြောက်ကြိမ်၊ ပါလီမန်ခေတ်(၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်)မှာ ရွေးကောက်ပွဲသုံးကြိမ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်(၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်) မှာ ရွေးကောက်ပွဲ လေးကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၉၈၈-၂၀၁၀)မှာ ရွေးကောက်ပွဲတစ်ကြိမ်၊ ဒီမိုကရေစီခေတ်(၂၀၁၀ ကနေ ယနေ့အထိ) ရွေးကောက်ပွဲ ခြောက်ကြိမ်၊ အဲဒီမှာတော့ ရွေးကောက်ပွဲသုံးကြိမ်နဲ့ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ်တို့ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေဟာ ရွေးကောက်ပွဲ မဲရွေးချယ်မှု စနစ်နဲ့ မစိမ်းဘူး၊ နီးစပ်မှုရှိတာကို ပေါ်လွင်စေပါတယ်။ နိုင်ငံတော်အစိုးရတွေက ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ခေတ်အဆက်ဆက်က နိုင်ငံသားတွေကလည်း မိမိတို့ရဲ့အခွင့်အရေးကို အမိအရအသုံးချပြီး မဲပေးရွေးချယ်မှုတွေကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထု လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နဲ့ အညီ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ပါတီစုံ ဒီမိုကရေစီစနစ်အတွက် ပထမအကြိမ်ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ပထမအကြိမ် လွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တယ်။ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ တတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲမှာ မဲမသမာမှုများစွာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီတုန်းက ရွေးကောက်ပွဲကော်မရှင်ရဲ့ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဟာ ၃၈ သန်း ခန့်ရှိပါတယ်။ မဲမသမာမှုဖြစ်နိုင်



ကြောင်းတွေ့ရှိခဲ့တဲ့အရေအတွက်ကတော့ ၁၀ ဒသမ ၄ သန်းခန့် ဖြစ်ပါတယ်။ တစ်ထောင်လည်းမဟုတ်သလို တစ်သောင်းလည်းမဟုတ်ပါဘူး။ ဒီလိုပဲ တစ်သိန်းလည်းမဟုတ်သလို တစ်သန်းလည်းမဟုတ်ပါဘူး၊ ဆယ်သန်းကျော်ဖြစ်ပါတယ်။ ဒါဟာ မဲပေးပိုင်ခွင့်ရှိတဲ့သူတွေရဲ့ လေးပုံတစ်ပုံခန့် ဖြစ်ပါတယ်။ ဒီမဲမသမာမှုတွေအတွက် နိုင်ငံရေးပါတီတွေနဲ့ တပ်မတော်ဟာ ပထမအဆင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးဖို့ပြောခဲ့ပါတယ်။ ဒါကိုငြင်းဆန်တဲ့အတွက် ဒုတိယအဆင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ပေးဖို့ နည်းစနစ်တကျ တောင်းဆိုတာကိုလည်း ထပ်မံငြင်းဆန်ခဲ့ပါတယ်။ တတိယအဆင့် အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးဖို့ ထပ်မံတောင်းဆိုတော့လည်း ငြင်းဆန်ခဲ့ပါတယ်။ ဒီအဆင့်တွေအားလုံးပြီးတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ပေးဖို့ နှစ်ကြိမ်တိုင်တိုင် တောင်းဆိုခဲ့တာမှာလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။ ဒီလိုဖြေရှင်းမပေးဘဲ တတိယအကြိမ် လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရဖွဲ့ဖို့ အတင်းအဓမ္မ ဆောင်ရွက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူခဲ့ရတာဖြစ်ပါတယ်။ ဒါတွေဘာကြောင့် ပြန်ပြောနေရသလဲဆိုတော့ ဒီဖြစ်စဉ်တွေမှာ ဘယ်သူတွေကဥပဒေနဲ့အညီ တရားနည်းလမ်းတကျတောင်းဆိုခဲ့တယ်၊ ဘယ်သူတွေက ဥပဒေကို လျစ်လျူရှုမျက်ကွယ်ပြုခဲ့သလဲဆိုတာကို သမိုင်းကျေစေချင်လို့ ပြန်လည်ပြောပေးရခြင်းဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ ကျွန်တော်ကိုယ်တိုင်လည်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေနဲ့ သတင်းစာရှင်းလင်းပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့တယ်။ နိုင်ငံတကာမီဒီယာတွေရဲ့ ရှေ့မှာပဲ အထောက်အထားခိုင်လုံစွာနဲ့ ပြောပြခဲ့တယ်။ အထောက်အထားခိုင်လုံစွာနဲ့ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ မဲမသမာမှုဖြစ်ခဲ့တာကို တရားနည်းလမ်းတကျဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ ရယူဖို့ ကြိုးစားခဲ့တဲ့ NLD အစိုးရနဲ့ သူတို့ဖွဲ့စည်းပေးထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကသာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ နိုင်ငံတော်ရဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းမှုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတောင့်တခဲ့တဲ့၊ ဒီလိုဖျက်ဆီးခံရတဲ့ပါတီစုံဒီမိုကရေစနစ်ကို ကျွန်တော်တို့က နည်းစနစ်ကျစွာ ပြန်လည်တည်ဆောက်ပေးနေခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်အရ မိမိကိုယ်စားဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးရတာ ဖြစ်ပါတယ်။ ယခုကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်းကိုလည်း မဲပေးကြပါလို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ် တစ်ခုဖြစ်ပါတယ်။ ကျွန်တော်ထပ်ပြောပါမယ်။ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ် တစ်ခုဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ ကိုယ်နဲ့အမြင်တူတဲ့သူတွေ၊ ကိုယ်ဖြစ်လိုတဲ့ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်တဲ့သူတွေ၊ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်တဲ့သူတွေကို ကိုယ်တိုင်ရှာဖွေရွေးချယ်ခွင့် ရရှိမှာဖြစ်ပါတယ်။ ကိုယ်ရွေးချယ်ပေးလိုက်တဲ့ ရွေးကောက်ခံ ကိုယ်စားလှယ်ဟာ ကိုယ့်အပေါ်၊ ကိုယ့်ဒေသအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိနေစေဖို့ စောင့်ကြည့်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးသူများလေလေ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဟာ ပိုပြီးတာဝန်ရှိလေလေ ဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုအပ်တာကအစပြုလို့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ တိုးတက်ဖွံ့ဖြိုးရေး ကောင်းကျိုးလိုရာဆန္ဒတွေ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဆန္ဒတွေကို ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကတစ်ဆင့် အစိုးရဆီကိုတောင်းဆိုနိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိဘပြည်သူအားလုံးက လက်လွှတ်ဆုံးရှုံးမခံကြဖို့လည်း ပြောလိုပါတယ်။ ဒီနေရာမှာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး၊ နိုင်ငံတကာအသိအမှတ်ပြုမှုဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော်ပြောလိုပါတယ်။

၂၀၂၄ ခုနှစ်က ကမ္ဘာတစ်ဝန်းမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများမှာ တည်ဆဲအစိုးရတွေအပေါ် နိုင်ငံတကာကဝင်ရောက်စွက်ဖက်မှုတွေ ပါဝင်တဲ့ အတင်းအကျပ်ပြုလုပ်မှုဖြစ်စဉ်များကိုလည်း ကျွန်တော်တို့ တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတကာဒီမိုကရေစီနဲ့ ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့ရဲ့ ဝက်ဘ်ဆိုက်မှာ ရွေးကောက်ပွဲဆိုင်ရာ နှစ်စဉ်အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲ ၇၄ ခု အနက် ၂၂ ခုသာ တည်ငြိမ်စွာ ကျင်းပနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ကျန်တဲ့ ရွေးကောက်ပွဲတွေမှာတော့ သပိတ်မှောက်တာတွေ၊ ရလဒ်အငြင်းပွားတာတွေ၊ ဆန္ဒပြတာတွေနဲ့ အကြမ်းဖက်မှုတချို့တောင်မှ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတကာရဲ့ဝေဖန်မှု၊ ဝင်ရောက်စွက်ဖက်မှုတွေကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲတစ်ခုကို သမာသမတ်ရှိစွာ ကျင်းပနိုင်ခြင်းဟာ သက်ဆိုင်ရာနိုင်ငံများရဲ့ နိုင်ငံရေးရေချိန်နဲ့သာ သက်ဆိုင်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒီမိုကရေစီ ရင့်သန်ပါတယ်ဆိုတဲ့နိုင်ငံများတောင်မှ ရွေးကောက်ပွဲဆိုင်ရာရလဒ်တွေနဲ့ပတ်သက်ပြီး ဝေဖန်ခံရမှု၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရလေ့ရှိတတ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းအရဖြစ်စေ၊ နိုင်ငံရေးမူအရဖြစ်စေ အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ မြန်မာနိုင်ငံသားတွေထံမှ ဆင်းသက်ပြီး မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ တည်ပါတယ်။ ပြီးတော့ နိုင်ငံတော်ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ဝါဒကို ကျင့်သုံးနေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်တုန်းကမှ၊ နောင်လည်းဘယ်တော့မှ သူများတိုင်းပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှာ မဟုတ်ပါဘူး။ ဒီလိုပါပဲ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းနဲ့အညီ ဆောင်ရွက်ကြရတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးသက်သက်၊ ကျွန်တော်တို့နိုင်ငံပြည်သူတွေရဲ့ အရေးသက်သက်သာဖြစ်ပါတယ်။ တိုင်းတစ်ပါးနိုင်ငံတွေရဲ့ ဩဇာအာဏာနဲ့ မည်သည့်ဝင်ရောက်စွက်ဖက်မှုကိုမှ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်အောင် ကျင်းပရေးခရီးလမ်းကို ပျက်ပြားအောင်၊ ပြောင်းလဲအောင် လုပ်လို့မရဘူးဆိုတာ ရှင်းရှင်းလင်းလင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံသားတွေရဲ့ အနာဂတ်ကို မြန်မာနိုင်ငံသားတွေကပဲ ဖန်တီးပိုင်ခွင့်ရှိပါတယ်။ မြန်မာ့အရေးကို ရွေးကောက်ပွဲမဲပေးတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကပဲ အသိအမှတ်ပြု ဆုံးဖြတ်ရပါမယ်။ ဒါဆိုရင်လုံလောက်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ပြီး တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဦးဆောင်ပြီး ကျင်းပပေးသွားမှာဖြစ်ပါတယ်။ အခုကျင်းပမယ့် ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၉၅ ဦးတို့ စုစုပေါင်းကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေနဲ့ လူထုလူတန်းစားအလွှာတွေကို ကိုယ်စား ပြုတဲ့သူတွေ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေဖို့အတွက် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကို ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ်(MMP)တို့ကို အသုံးပြု ဆောင်ရွက်သွားမှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် ကွဲပြားခြားနားတဲ့ နိုင်ငံတကာတုံ့ပြန်မှုတွေရှိနေသော်လည်း မိတ်ဖက်နိုင်ငံများရဲ့

စာမျက်နှာ ၁၂ သို့ ❖

# စစ်တွေမြို့ ဗုဒ္ဓပြတိုက် သန့်ရှင်းသာယာရေး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**စစ်တွေ နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဗုဒ္ဓပြတိုက်ရှိ ဗုဒ္ဓဆင်းတုတော်များအား ဖူးမြော်၍ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ပြီး ပြတိုက်အတွင်း၊ အပြင် သန့်ရှင်းသာယာရေးနှင့် ပြတိုက်အတွင်း စနစ်တကျ ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် စစ်တွေမြို့ မင်းဂံရပ်ကွက် ဓမ္မာရုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းဂံဈေး၊ မင်းဂံရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ခန့်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်မှူးတို့က စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စာအုပ်စာစောင်များ လာရောက်ဖတ်ရှုမှု၊ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် စာကြည့်တိုက်အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၁ မှ

ထောက်ခံမှုများကတော့ အခိုင်အမာရရှိထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်း အားလုံးက အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လိပ်ပြာလုံစွာ ဆောင်ရွက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများကိုပါ ကျွန်တော်တို့ရဲ့ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို လာရောက်ကြည့်ရှုလေ့လာဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ပြည်တွင်းပြည်ပ နိုင်ငံတကာမီဒီယာများကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ မဲမသမာမှုများ မရှိစေဖို့ ခေတ်မီနည်းပညာသုံး MEVM စက်များကိုလည်း အသုံးပြုထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ လွှတ်တော်ဟာ ဂုဏ်သိက္ခာရှိတဲ့ လွှတ်တော်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာကိုချပြနိုင်မှာဖြစ်ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် အရွေ့တစ်ခုဟာ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြိုင်တူဝိုင်းပြီးတွန်းကြရင်ဖြင့် ပန်းတိုင်ကို မှန်မှန်နဲ့ မြန်မြန်ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ် ဒီဇင်ဘာလနဲ့ နောက်နှစ် ဇန်နဝါရီလအတွင်းမှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်စေဖို့အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ဆန္ဒမဲပေးကြပါစို့လို့ ပြောကြားလိုပါတယ်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မုချအောင်မြင်ရပါမယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

# တောင်သူများပူးပေါင်းပါဝင်သည့် မျိုးရွေးချယ်ခြင်းနည်းလမ်းအား သုတေသီဝန်ထမ်းများ နည်းပညာသရုပ်ပြ



**နေပြည်တော် နိုဝင်ဘာ ၁၀**

တောင်သူများ ပူးပေါင်းပါဝင်သည့် မျိုးရွေးချယ်ခြင်း (Participatory Varietal Selection) နည်းလမ်းအား သုတေသီ ဝန်ထမ်းများအား နည်းပညာသရုပ်ပြခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ စပါးသုတေသနဗဟိုဌာန စိုက်ကွင်း၌ကျင်းပသည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က "Participatory Plant Breeding" နည်းလမ်းတွင် အသုံးပြုထားသော Selected Bulk Method (ရွေးချယ်၍ စုစည်းမွေးမြူသော နည်းစနစ်)၏ အခြေခံသဘောတရားများ၊ Pedigree နှင့် Bulk Method တို့၏ ကွာခြားချက်များ၊ Modified Bulk method (ပြုပြင်ထားသော စုပေါင်းမွေးမြူရေး နည်းစနစ်) အပါအဝင် Bulk Methodology အမျိုးမျိုးတို့နှင့် စပ်လျဉ်း၍ သိကောင်းစရာများ၊ အပင်ဇီဝကမ္မဗေဒဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ လေ့လာသင့်သည်များ၊ အခြားထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် သတိပြုရမည့်အချက်များကို အသေးစိတ်ရှင်းလင်းပို့ချ ဆွေးနွေးပြီး သုတေသနရလဒ်ကို ကွင်းဆင်းကြည့်ရှု အကဲဖြတ်ကြသည်။

အဆိုပါ နည်းပညာသရုပ်ပြပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံမျိုးကူးစပ်မွေးမြူသူ ပညာရှင်များ၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် မျိုးမွေးမြူ ကူးစပ်ခြင်းနှင့် မော်လီကျူလာ နည်းပညာဆိုင်ရာ ပါမောက္ခ၊ ဆရာ ဆရာမများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မျိုးမွေးမြူ ကူးစပ်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် ပညာရှင်များအား စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌တွေ့ဆုံ၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနကဏ္ဍနှင့် ဖွံ့ဖြိုးရေးကဏ္ဍတို့ဖြစ်သည့် စိုက်ပျိုးပညာပေးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ရှေ့ဆက်ရန်လိုအပ်ချက်များ၊ မျိုးမွေးမြူရေးစံလုပ်ငန်းစဉ် (Breeding SOP) ကို စနစ်တကျပြင်ဆင်ရန် လိုအပ်မှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသော မျိုးများ ရရှိရေးအတွက် အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ပေါ်ဆန်းနှင့် တောင်ပျံကဲ့သို့သော ဒေသမျိုးများအား မျိုးထွန်းမွေးမြူခြင်းတွင် Mutation Breeding ကို အသုံးပြုသွားရန်၊ ပေါ်ဆန်းစပါးအား သင့်တော်သည့် အခြားမျိုးတူ စပါးမျိုးများနှင့် မျိုးကူးစပ်မွေးမြူ၍ အားနည်းချက်များကိုပြုပြင်ရန်၊ ပေါ်ဆန်းစပါးအတွက် မျိုးထိန်းသိမ်းသန့်စင်ခြင်းလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ မျိုးစေ့ဘဏ်အတွင်း ထိန်းသိမ်းထားသည့် မျိုးများအား ကွင်းအတွင်း စိုက်ပျိုးထိန်းသိမ်းသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်၍ မျိုးထိန်းလုပ်ငန်းအား စနစ်တကျ ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးက မျိုးစပ်မွေးမြူခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူ ပညာရှင်များအနေဖြင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးအတွက် AI နည်းပညာ၏အရေးပါမှုနှင့် AI နည်းပညာအား အကျိုးရှိရှိအသုံးချ၍ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့၌ ဟိုတယ်ဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်သင်တန်း ဖွင့်လှစ်

**တာချီလိတ် နိုဝင်ဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ပံ့ပိုးမှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရွှေတြိဂံဇုန်)၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာလျှပ်စစ်ကျွမ်းကျင် (Mechanical and Electrical) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ်တာချီလိတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးက အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းဆရာများက လျှပ်စစ်ဆိုင်ရာအခြေခံသဘောတရားများကို စာတွေ့၊ လက်တွေ့ဖြင့် ကျွမ်းကျင်မှုရရှိသည်အထိ သင်တန်းကာလ သုံးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



# မင်းလှမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**မင်းလှ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မလွန်ကျေးရွာတွင်ဖွင့်လှစ်ရာ မင်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးမြတ်သူ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်းနှင့် သင်တန်းအား နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ



ပုသိမ် နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ အစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာမြေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမှုတွဲများတင်ပြရာတွင် ပြီးပြည့်စုံအောင်ဆောင်ရွက်တင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လယ်ယာမြေအမှုတွဲများနှင့်ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုပါကြောင်းနှင့် ကော်မတီဝင်များကလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက လယ်ယာမြေအမှုတွဲများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် အဖွဲ့ဝင်များ၏ အထွေထွေဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဲခူးမြို့နယ်၌ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် တောင်သူများအား အထွက်တိုးမျိုးနှင့် သွင်းအားစုများပေးအပ်

ပဲခူး နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမ ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် သမဝါယမအသင်းသားများအား အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဘုရားကြီးမြို့ အမှတ်(၃) အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



ဦးစွာ ပဲခူးမြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ဆောင်းဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှုပန်းတိုင်အထွက်နှုန်း ရရှိစေရေး အသိပညာပေး ပြောကြားပြီး ဆုလာဘ်ဓာတ်မြေဩဇာ ကုမ္ပဏီမှ တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေး၊ ကုမ္ပဏီမှ ထုတ်လုပ်သော သွင်းအားစုများကို အသုံးပြုသည့် နည်းလမ်းများနှင့် အထွက်နှုန်းကောင်းမွန်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမအသင်းစု ၁၀ သင်းမှ အသင်းသား ၄၃၄ ဦး၏ စိုက်ပျိုးဧက ၃၀၀၀ အတွက် မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ အစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းနှင့်ညီမျှသော အထွက်တိုးမျိုးမြေပဲနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပင်လုံမြို့၌ မိုးစပါးအထွက်နှုန်းသိရှိစေရေး တိုက်ရိုက်မျိုးစေ့ချ မိုးစပါးစံကွက်ရိတ်သိမ်း

ပင်လုံ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့၌ မိုးစပါးအထွက်နှုန်းသိရှိစေရေး တိုက်ရိုက်မျိုးစေ့ချ (DRUM SEEDER) မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ပင်လုံအရှေ့ ကျေးရွာအုပ်စု တောင်သူ ဦးစိုင်းလုံ၏ လယ်မြေ၌ ကျင်းပသည်။

ထိုသို့ မိုးစပါးရိတ်သိမ်းရာတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့်အဖွဲ့ဝင်များ၊ မြို့မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မိုးစပါးစိုက်တောင်သူများ တက်ရောက်ကြသည်။



အဆိုပါ ဦးစိုင်းလုံ၏လယ်မြေ ၂ ဒသမ ၅၃ ဧကတွင် DU 12 (ဧည့်မထအထွက်ကောင်းမျိုး) စိုက်ပျိုးထားပြီး အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ အခြောက်ထွက် ၁၁၈ ဒသမ ၆၃ တင်းထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟသ်ာတမြို့နယ် သမဝါယမအသင်းပိုင် ကိုင်းမြေ၌ စိုက်ပျိုးထားမှုအခြေအနေကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



ဟသ်ာတ နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတမြို့နယ်ခေါင်းဆေးကျွန်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် ကိုင်းမြေ ၇၆ ဒသမ ၅ ဧကတွင် အသင်းသား တောင်သူများ စိုက်ပျိုးထားမှု အခြေအနေကို ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက ခေါင်းဆေးကျွန်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် ဆောင်းသီးနှံ ပဲပုပ်၊ ငရုတ်၊ ခရမ်းချဉ် စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည့် ပိုးသတ်ဆေး၊ သွင်းအားစုများ ရရှိရေး ဟသ်ာတမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ အထွက်နှုန်းတိုးတက်ရေး အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**



## ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ၌ မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ တာဝန်ရှိသူများသည် နိုင်ငံတော်ထောက်ပံ့ငွေ(သက်တန့်ရောင်စီမံကိန်း)ဖြင့် ပံ့ပိုးငွေရယူဆောင်ရွက်ခဲ့သည့် ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာရှိ ဇောင်ချမ်းကုန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း(လီမိတက်) အသင်းသား ဦးကျော်စံဝေ၏ ဗျော့သုခမိုးစပါး ရိတ်သိမ်းနေမှု ခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က မိုးစပါးများရောင်းချရာတွင် ပုဂ္ဂလိကစပါးပွဲစားများကို ရောင်းချပါက ပြန်အမ်းငွေ(Refund)ရရှိမည်မဟုတ်ကြောင်း၊ သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သမဝါယမအသင်းပိုင်ဆန်စက်များနှင့်ချိတ်ဆက်ရောင်းချပါက အလေးချိန်မှန်ကန်ခြင်း၊ ဒေသပေါက်ဈေးရရှိခြင်းအပြင် စပါးတစ်တင်းလျှင် ပြန်အမ်းငွေ(Refund)အဖြစ် ငွေကျပ်နှစ်ရာ ရရှိမည်ဖြစ်ကြောင်း၊ အသင်းသားတောင်သူများ Refund ငွေရရှိနိုင်စေရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းပိုင်ဆန်စက်များနှင့် ချိတ်ဆက်ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်းနှင့် အသင်းသားတောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် **Royal Dynamic** ကုမ္ပဏီမှ ဆောင်ရွက်သော ဘုရားကုန်းကျေးရွာအုပ်စု ကျိုက်အင်းကျေးရွာအဝင် (၀/၂)မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၈ ရက်က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

သန်းဝင်း(သန်လျင်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သည့်ဓာတုဆေးဝါးများတိုက်ဖျက်ရေးကို ဌာနဆိုင်ရာများ၊ လုံခြုံရေးအဖွဲ့အစည်း အသီးသီးတို့၏ စုပေါင်းအားဖြင့် စစ်ဆင်ရေးတစ်ရပ်သဖွယ် အစဉ်အဆက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကိုလည်း နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ဒေသတွင်းအဆင့် အခမ်းအနားများဖြင့် ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ ကျင်းပရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတု ဆက်စပ်ပစ္စည်းများကို မီးရှို့/မြေမြှုပ်ဖျက်ဆီးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက မီးရှို့/ မြေမြှုပ်ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မူဆယ်မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားရှိသည့် မူးယစ်ဆေးဝါးမှု ၁၉ မှု၊ ဓာတုဆက်စပ်ပစ္စည်းအမှု ၁၀ မှု စုစုပေါင်း ၂၉ မှု တို့မှ သက်သေခံပစ္စည်းများဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြား ၉၃၇၅ ပြား၊ ကတ်တမင်း သုည ဒသမ ၁၁၇၉ ကီလို၊ HAPPY WATER သုည ဒသမ ၇၅၁ ကီလို၊ ဘိန်းဖြူ ၁ ဒသမ ၄၁ ကီလို၊ ခတ်ခူး သုည ဒသမ ၀၀၆ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၃၄၄၀၄ ကီလို၊ ဆေးခြောက် ၁ ဒသမ ၃၇၅ ကီလို၊ METHYLAMINE လီတာ ၅၂၀၊ THIONYL CHLORIDE လီတာ ၁၂၀၀၊ BENZENE လီတာ ၁၀၀၊ အရိုးမီးသွေး ၁၈၆၂ ဒသမ ၇၉၇၅ ကီလို၊ SODIUM ETHOXIDE ၂၄၁၉ ဒသမ ၈၇၉ ကီလို၊ CAUSTIC SODA ၅၅၄၉ ဒသမ ၇၇၈ ကီလို၊ SODIUM BISULFITE ၇၃၅ ဒသမ ၉၂ ကီလို၊ POTASSIUM CHLORIDE ၄၁၈ ဒသမ ၅၉ ကီလို၊ SODIUM CHLORIDE ၃၂၉ ဒသမ ၀၄ ကီလို စုစုပေါင်းတန်ဖိုးငွေ ၁၃၂၁၃၂၂၇၄ ဒသမ ၄ ကျပ်ကို မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး မီးရှို့ဖျက်ဆီးခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သည့်ဓာတုဆေးဝါးများ တိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီး၌ စိုက်ထူထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ ကျော်မြင့် (၆၅)နှစ်က ဖျက်ဆီးခဲ့သဖြင့် ကျော်မြင့်အား ချောင်းဆုံမြို့မရဲစခန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၆(က)/ ၂၄(က) ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းနားရပ်ကွက်နေ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်(၁) ဦးသက်ဝေထွန်းသည် စလင်းမြို့မှ ဆင်ဖြူကျွန်းမြို့သို့ ဆိုင်ကယ်ဖြင့်သွားစဉ် ဆုတ်လေဦးလမ်းဆုံအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများအား နိုဝင်ဘာ ၃ ရက်တွင် ဆင်ဖြူကျွန်းနယ်မြေရဲစခန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲအကျိုးပြု ပညာပေးဇာတ်လမ်းတိုနှင့်ပတ်သက်၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများ ရေးသားဖြန့်ဝေခဲ့သည့် “Daw Yamone Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာနေ ယမုံဦး (၃၀)နှစ်အား သုံးခွမြို့မရဲစခန်း၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

ထို့ပြင် နိုဝင်ဘာ ၅ ရက်တွင် ကေအင်န်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ဒူးသထူခရိုင်မှ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား တိုက်ဖျက်သွားရန် ကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ကေအင်န်ယူ၊ ကရင်အမျိုးသား အစည်းအရုံး၊ ဒူးသထူခရိုင်ဥက္ကဋ္ဌ ပဒိုစောမြင့်ပါ ၂၂ ဦးတို့အား သထုံမြို့နယ် သိမ်ဆိပ်နယ်မြေရဲစခန်း၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့် စာသားများရေးသားဖြန့်ဝေခဲ့သူ “Khin Ma” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ ခင်မ အား နိုဝင်ဘာ ၅ ရက်တွင် မရမ်းကုန်း မြို့မရဲစခန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၆ ရက်တွင် “AAMIJ News” Facebook Page မှ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီမှ ဦးအောင်စိုးအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် ပြည်သူလူထုက အထင်အမြင်လွဲမှားစေမည့် စာသားများကို နှောင့်ယှက်ရေးသားဖြန့်ဝေခဲ့သဖြင့် “AAMIJ News” Facebook Page မှ တာဝန်ရှိသူများအား နိုဝင်ဘာ ၇ ရက်တွင် အလုံမြို့မရဲစခန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာန၌ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်က အမှာစကားပြောကြားစဉ်။ ဖွဲ့မင်းထက်(ပြန်/ဆက်)

# မိုင်းပန်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



မိုင်းပန် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအား သင်တန်းသား ၅၀ ဖြင့် ယနေ့မှစတင်၍ ဒီဇင်ဘာ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒီမိုကရက်တစ်အင်အားစု လေဘာပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

**ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြပါသော ရဟန်းရှင်လူ မိဘလုပ်သားပြည်သူအပေါင်းတို့ ခင်ဗျာ။

ကျွန်တော်တို့ ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ မန္တလေးတိုင်းဒေသကြီး အခြေစိုက်ပါတီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ (၂၈)ရက်နေ့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဒီမိုကရက်တစ်အင်အားစု လေဘာပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင် ဖြစ်ပါတယ်ဆိုတာ မိတ်ဆက်ပါရစေ။ ကျွန်တော်တို့ပါတီအနေဖြင့် ပါတီ၏ ရှေ့လုပ်ငန်းစဉ်၊ တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ဝတ္တရားအသီးသီးရှိ ကဏ္ဍအလိုက် ဖော်ဆောင်ပေးမည့်တာဝန်များကို တင်ပြဟောပြောသွားမှာဖြစ်ပါတယ်။

နံပါတ်(၁)အနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းနေထိုင်သည့် ပြည်ထောင်စုသားတိုင်း လူမျိုး ကျား/မနေထိုင်ရာ ဆင်းရဲချမ်းသာမရွေး နိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝရရှိရေး ဖြစ်ပါတယ်။

နံပါတ်(၂) လူမှုရေးလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီလူ့အခွင့်အရေး တန်းတူညီမျှ ထွန်းကားစေရေးအား မြန်မာနိုင်ငံတွင် ထွန်းကားလာစေရန် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နံပါတ်(၃) မြန်မာပြည်သူပြည်သားအားလုံးသည် ဥပဒေနှင့်အညီ လှုပ်ရှားမှုကဏ္ဍအသီးသီး ပါဝင်ဆောင်ရွက်နိုင်ရေး။

နံပါတ်(၄) ပါတီ၏လုပ်ငန်းစဉ်တိုင်း အဓိကဖော်ဆောင်နိုင်ရန် လိုအပ်သော ရန်ပုံငွေရရှိဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

နံပါတ် (၅) ပါတီ၏ အဆင့်အားလုံးတွင် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးအားလုံး တန်းတူပါဝင်ဆောင်ရွက်ရေးကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

နံပါတ်(၆) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော လူမျိုးစုအချင်းချင်း လေးစားမှု၊ ယုံကြည်မှု ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၇) ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်မှာ -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာစောင့်သိပါမည်။

(၂) ပါတီဝင်အချင်းချင်း သစ္စာရှိပါမည်။

(၃) ပါတီ၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်အမြဲကာကွယ်စောင့်ရှောက်ပါမည်။ ပါတီ၏ သစ္စာ(၄)ချက်အား ဦးထိပ်ပန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ်(၈) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာတိုးတက်ရေးဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး အချက်ကျသည့် လုပ်ငန်းစဉ်များကို အလေးအနက်ထား၍ အောင်မြင်ရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ ကြိုးစားပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နံပါတ်(၉) မိမိတို့နေထိုင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရှိ လူမျိုးစု(၁၃၅)မျိုးရှိတဲ့ တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့၏ ပါတီတာဝန်အဖြစ် ခံယူအပ်ပါတယ်။

နံပါတ်(၁၀) ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ ယုံကြည်သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှုနှင့် စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေး လွတ်လပ်မှု၊ လွတ်လပ်စွာ ဟောပြောစည်းရုံးနိုင်မှု စသည့် လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြစေရန်တို့ကို ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် -

လေးစားတန်ဖိုးထားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ရဟန်းရှင်လူ မိဘလုပ်သားပြည်သူအပေါင်းတို့နှင့် ပါတီစုံဒီမိုကရေစီအောင်မြင်စေရန် ကြိုးစားအားထုတ်ကြသော ခေါင်းဆောင်ကြီးများအား ဒီမိုကရက်တစ်အင်အားစု လေဘာပါတီမှ ဘေးဘယာတွေဝေးကွာကြပြီး ချမ်းသာသုခနှစ်ဖြာ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းဆုပြုလျက်...

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

## ဒဂုံတက္ကသိုလ် အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာခြင်း

ဒဂုံတက္ကသိုလ်(အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း ပြောင်းလဲတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၅-၁၂-၂၀၂၅ ရက်နေ့ (သောကြာနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၁ မှ ၄မ-၄၀၀ အထိ၊ ဒဿနိကဗေဒ

သိပ္ပံဘွဲ့ - သင်္ချာ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၄၀၁ မှ ၄မ-၈၅၂ အထိ၊ အရှေ့တိုင်းပညာ

သိပ္ပံဘွဲ့ - ရူပဗေဒ

အစမ်းလေ့ကျင့်ရန်- ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

၂။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၆-၁၂-၂၀၂၅ (စနေနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ

သိပ္ပံဘွဲ့ - ဓာတုဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - ပထဝီဝင်

သိပ္ပံဘွဲ့ - သတ္တဗေဒ

အစမ်းလေ့ကျင့်ရန်- ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ

၃။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၈-၁၂-၂၀၂၅ ရက်နေ့ (တနင်္လာနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၁ မှ ၄သ-၅၀၀ အထိ

သိပ္ပံဘွဲ့ - ရုက္ခဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဥပဒေဘွဲ့ - ဥပဒေပညာ

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၅၀၁ မှ ၄သ-၉၁၂ အထိ ၊ စိတ်ပညာ

အစမ်းလေ့ကျင့်ရန်- ၇-၁၂-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁-၁၂-၂၀၂၅ ရက်နေ့မှ ၃-၁၂-၂၀၂၅ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

၂၄-၁၀-၂၀၂၅ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းထားသောဒဂုံတက္ကသိုလ်၊ အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း ကြေညာချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းစိုးဦး
ဌာနမှူး၊ သင်တန်းရေးရာ
ဒဂုံတက္ကသိုလ်

## ကလောမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး စိစစ်ခြင်းဆောင်ရွက်

ကလော နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းစိစစ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ကော်မရှင်ရုံး၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုနှင့် ကန့်ကွက်မှုများအား စိစစ်ပြင်ဆင်ပြီး မဲစာရင်းများကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ နိုဝင်ဘာ ၁၅ ရက်မှ ၂၈ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုများတွင် (ဒုတိယ)အကြိမ် ကပ်ထားကြေညာမည်ဖြစ်သည့်အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ရှိနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံသား အခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**

# မြို(ခေါ်)တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　နိုဝင်ဘာ　၁၀

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံခညောင်းပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့အတူ လိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်း ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင် ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)မှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးလည်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးရမည့် တာဝန်မှာ နိုင်ငံတော်၏တာဝန် ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်အသီးသီး ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ လွှတ်တော်အသီးသီးမှ အစိုးရအဖွဲ့အဆင့်ဆင့်ကို မွေးဖွားပေးရမှာ ဖြစ်ပါတယ်။

အစိုးရအဖွဲ့အဆင့်ဆင့်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာစသော အာဏာ(၃)ရပ်ကို လက်ကိုင်ထားလျက် လွှတ်တော်နှင့် ထိန်းညှိပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန်ဖြစ်ပါတယ်။ ဤကဲ့သို့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများနှင့် ဖွဲ့စည်းထားသောပါတီများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပါတီများတည်ရှိနေမှသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရှိနေမှလည်း ပါတီများ ဝင်ရောက်ယှဉ်ပြိုင်ကြရမှာဖြစ်တဲ့အတွက် "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" အမှီသဟဲပြုနေကြတာ တွေ့ရမှာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူရွေးချယ်တင်မြှောက်ပေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီသရန် လိုအပ်သလို အလုံးစုံပါဝင်ရန်လည်း လိုအပ်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များအပြင် တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များ ပါဝင်ရန်လည်း အထူးလိုအပ်ပါတယ်။

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုင်းပြုပြည်ပြုဥပဒေပြုပေးနိုင်ရန်ဖြစ်သလို လူငယ်ကိုယ်စားလှယ်များ အနာဂတ်စွန့်ဦးတီထွင် လူငယ်အရေး၊ ထက်မြက်သောလူငယ်များ ပေါ်ထွန်းရေးအခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရန်ဖြစ်ပါတယ်။ အမျိုးသမီးတန်းတူရေးနှင့် အမျိုးသမီးထိပ်တန်းခေါင်းဆောင်နေရာရရှိရေးအတွက် အမျိုးသမီးကိုယ်စားလှယ်တိုးမြှင့်ပါဝင်လာနိုင်ရန် လိုအပ်ပါတယ်။ အခြေခံကျသော လူ့အဖွဲ့အစည်းမှ အခြေခံကျသော ဒေသများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး အကောင်အထည်ဖော်ခြင်း၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာများထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့်ကဏ္ဍများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်မှာ တိုင်းရင်းသား လူနည်းစုကိုယ်စားလှယ်များသာ အဓိက အခန်းကဏ္ဍမှ ပါဝင်သင့်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်၌ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးတည်းနှင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဖြေရှင်းရန် လက်လှမ်းမမီနိုင်ကြောင်းကို သတိပြုမိပါကြောင်း ထောက်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဲပေးပုံစနစ်သစ်၊ ရွေးကောက်ပုံစနစ်သစ်များနှင့် စစ်မှန်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပမည်ဟု ထုတ်ပြန်သည်ကို သိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲစနစ်ကို ယခင်ပုံစံအတိုင်း မဲအများဆုံးရသူ အကုန်ယူစနစ်ဖြင့် လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲစနစ်တွင် မဲအများဆုံးရသူ အကုန်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ယှဉ်တွဲကျင်းပပေးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ အခန်းကဏ္ဍ တစ်ဆစ်ချိုးမြင့်မားလာမည်ဟု မျှော်လင့်ရပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား-**

မြိုတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုး၊ မိမိတို့၏ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာဆင်းသက်လာပုံသမိုင်း ထိန်းသိမ်းဖော်ထုတ်စာတမ်းပြုစုနိုင်ရေးကို ရည်ရွယ်၍ ၁၉၈၈ ခုနှစ်ကတည်းက "မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)"ကို တည်ထောင်လျှောက်ထားခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ(၂၂) ရက်နေ့ရက်စွဲဖြင့် တရားဝင် နိုင်ငံရေးပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် "မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ"ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင် မြို့နယ်များကို ကိုယ်စားပြုသော ပါတီတစ်ပါတီအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ယခုအခါ ပါတီသက်တမ်းမှာ (၃၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါတယ်။



ဤပါတီသည် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီး၌ ပါတီကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်တော်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် သမ္မတအိမ်တော်ဝင်း(ရန်ကုန်)၌ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌ တက်ရောက်အကြံပြုနိုင်ခဲ့ပါတယ်။ ဤပါတီမှ ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ပါတီကိုယ်စားပြု (၅)ဦးတက်ရောက်ခဲ့ပြီး ညီလာခံပြီးဆုံးသည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခဲ့ပါတယ်။ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်ဖြတ်ရင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများ၊ အေးချမ်းသာယာရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အားတက်သရော ပါဝင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ ခင်ဗျား -**

ဤပါတီအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့ ကျင်းပပြုလုပ်မည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် စစ်တွေမဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ရခိုင်ပြည်နယ် မဲအများဆုံးရသူ အကုန်ယူစနစ်(FPTP) စစ်တွေမဲဆန္ဒနယ်တွင်တစ်နေရာ၊ အချိုးကျကိုယ်စားပြုစနစ်(PR)တွင် (၂)နေရာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ ပါတီအမှတ်တံဆိပ်မှာ "ငှက်တော်" ဖြစ်ပါ တယ်။ "ငှက်တော်"ငှက်ကို ပါတီ၏ အမှတ်တံဆိပ်အဖြစ် ရွေးချယ်ရခြင်းမှာ မြိုတိုင်းရင်းသားများ၏ ရှေးရိုးရာပုံပြင်အရ "ငှက်တော်"ငှက်သည် ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ သီလသိက္ခာ သမာဓိနှင့် ပြည့်စုံခြင်းများကို ဖော်ညွှန်းပါတယ်။

မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ဆောင်ပုဒ်မှာ "တိုင်းရင်းသားအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေး- ဒို့အရေး" ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း အေးချမ်းစွာ "မဲ"ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ရည်ရွယ်၍ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဒေါက်တာ ထွန်းမြင့်အောင်သည် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီး အရာရှိ(မြို့ပြ)တို့နှင့်အတူ မိတ္ထီလာမြို့နယ်အတွင်းရှိ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မန္တလေးလမ်းမှ ရိုးကန်-ကန်သာ လမ်း လမ်းအရှည် သုည ဒသမ ၈၇ ကီလိုမီတာ၊ လမ်းအကျယ် ၃ ဒသမ ၆၆ မီတာရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေ ကျပ် ၃၁၆ ဒသမ ၈၃၈ သန်း အသုံးပြု၍ ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

နိုင်ငံသား အခွင့်အရေး မဆုံးရှုံးစေဖို့ မဲစာရင်း စစ်ကြပါစို့

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်ကြရန်အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်မှစတင်ပြီး ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုတွင် တေးသံရှင် အောင်လ၊ ဝေလ၊ဖိုးကာ၊ ရဲရင့်အောင်၊ အောင်ထက်၊ ဖြိုးမြတ်အောင်၊ ဟန်နေတာ၊ နီနီခင်ဇော်၊ မိစန္ဒီ၊ ချမ်းမြေ့မောင်ချို၊ မေလသံစဉ်၊ အိမ့်ချစ်၊ အေးမြဖြူနှင့် လိမ္မော်သီးတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





✻ ကျောဖုံးမှ

အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✰ နည်းပြ ဂွါဒီယိုလာမှ

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၂၉ မိနစ်မှာ ဟာလန်းက တစ်ဂိုး၊ ပထမပိုင်း ပွဲကစားချိန်အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ ဂွန်ဇာလက်ဇ်က တစ်ဂိုးနဲ့ ၆၃ မိနစ်မှာ ဒိုကူကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာပထမပိုင်း ပွဲကစားချိန် ၁၃ မိနစ်မှာ ပင်နယ်တီပြစ်ဒဏ်ဘောကန်သွင်းခဲ့ရာမှာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းမရှိခဲ့ပေမယ့် ၂၉ မိနစ်မှာတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် သွင်းဂိုး ၂၈ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

အခုပွဲစဉ်ဟာ နည်းပြ ဂွါဒီယိုလာအတွက် နည်းပြဘဝ ပွဲစဉ် (၁၀၀၀)ပြည့်မြောက်တဲ့ ပွဲစဉ်ဖြစ်ပြီး အထိမ်းအမှတ်ပွဲစဉ်မှာ လက်ရှိချန်ပီယံအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့တယ်ဆိုတဲ့ မှတ်တမ်းကောင်းတစ်ရပ်လည်း စိုက်ထူနိုင်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၁)အပြီးမှာ ရမှတ် ၂၂ မှတ်နဲ့ အဆင့်(၂)နေရာတက်လှမ်းခွင့်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၁)နေရာက အာဆင်နယ်အသင်းနဲ့ လေးမှတ်ကွာအနေအထားကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

လီဗာပူး အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၁)အပြီးမှာ ခြောက်ပွဲနိုင်၊ ငါးပွဲရှုံး ရမှတ် ၁၈ မှတ်နဲ့ မန်ယူအသင်းရဲ့အောက် အဆင့်(၈)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ်

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာရာတွင် ပြည့်စုံမှန်ကန်မှုရှိစေရေး မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်(၁) ဦးတင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၁)ဦးတင့်နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက အမှတ် ၇၇၊ ၇၈၊ ၇၉၊ ၈၇၊ ၈၈၊ ၈၉၊ ၉၂၊ ၉၃၊ ၉၄၊ ၁၆၈ ရပ်ကွက်တို့ရှိ မဲရုံနေရာများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



ဖြိုးစန္ဒာ(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်တွင် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် ရာအိမ်မှူးများက ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာနှင့် လူဦးရေစာရင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)



## တန့်ယန်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး ပူးပေါင်းဆောင်ရွက်

တန့်ယန်း နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် တာဝန်ရှိ ဌာနဆိုင်ရာများက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် နိုဝင်ဘာ ၉ ရက်က ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူများ မဲဆန္ဒရှင်စာရင်းများတွင် ပါရှိနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။



မင်းလွင်ဦး(တန့်ယန်း)

## ချမ်းအေးသာစံမြို့နယ်၌ မဲစာရင်းများ မှန်ကန်စေရန် တိုက်ဆိုင်စစ်ဆေး

မန္တလေး နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှု ရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ချမ်းအေးသာစံမြို့နယ် အမှတ် (၁၅) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ မဲဆန္ဒရှင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက မြေပြင်ရှိ လူဦးရေစာရင်းများ မှန်ကန်မှု ရှိစေရေးအတွက် တိုက်ဆိုင် စစ်ဆေးခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့သည်။

မဲဆန္ဒရှင် လူဦးရေစာရင်း တိုက်ဆိုင် စစ်ဆေးခြင်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက် လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

**တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်**

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

❖ **ကျွန်တော်တို့နိုင်ငံရဲ့ အနှီမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ" ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားခြင်းဖြစ်ပါတယ်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ဒီမိုကရက်တစ်အင်အားစုလေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေး ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒီမိုကရက်တစ်အင်အားစုလေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

# ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov၊ ကော်ဗက်စစ်ရေယာဉ် Gremyashchiy နှင့် ထောက်ပံ့ရေးရေယာဉ် Boris Butoma တို့သည် တတိယအကြိမ် မြန်မာ–ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Pacific Fleet မှ Captain 1st Rank Ulyanenko Aleksey ဦးစီး၍ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❋



တတိယအကြိမ် မြန်မာ–ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။

## နည်းပြဂွါဒီယိုလာရဲ့ နည်းပြဘဝ ပွဲစဉ် ၁၀၀၀ ပြည့် ပွဲစဉ်တွင် မန်စီးတီးက လက်ရှိချန်ပီယံလီဗာပူးကို သုံးဂိုးပြတ်ဖြင့် အနိုင်ရ

ပရီမီယာလိဂ် ပွဲစဉ်(၁၁)ရဲ့ နိုဝင်ဘာ ၉ ရက် ညပိုင်းနောက်ဆုံးပွဲစဉ်နဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက လက်ရှိချန်ပီယံ လီဗာပူးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ☆



မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ – ၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီတွင် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းနှင့် ဂျပန်ကလပ်တိုကျိုဗာဒီဗီလီဇီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ MRTV App၊ MRTV Radio App အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**


**အင်္ဂလိပ်စာစွမ်းရည်မြင့်မားစေရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ » ၁၄